# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၃ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၆ |
| ၆ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း | ၇ |
| ၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၈ |
| ၈ | ၂၀၁၉ ခုနှစ် နွေရာသီကာလဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်သုံးစွဲမှုမဂ္ဂါဝပ် (MW) မည်မျှရှိမည်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ခန့်မှန်းတွက်ချက်ထားမှု အခြေအနေနှင့် လျှပ်စစ်ပြတ်တောက်မှုရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည် တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ပျော်ဘွယ်မြို့နယ်တွင် သူဌေးကုန်းမှ ရွှေညောင်ဖူး/ကျောက်ချပ် 33 KV လျှပ်စစ်ဓာတ်အားလိုင်းကို ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေး ကော်မတီဖွဲ့စည်း၍ တည်ဆောက်လျက်ရှိရာ ကော်မတီ တွင်ပါဝင်ခဲ့သည့် ကျေးရွာအချို့အား NEP စီမံချက်အရ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခွင့် ရရှိခြင်းကြောင့် အဆိုပါ ဓာတ်အားလိုင်းအား နိုင်ငံတော်အစိုးရ၏ ဓာတ်အားလိုင်းအဖြစ် လွှဲပြောင်းတည်ဆောက် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | လစဉ်သုံးစွဲပြီးသော ယူနစ်များကို Digital စနစ်ဖြင့် မီတာမဖတ် နိုင်သေးမီ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်လျှပ်စစ်ဌာနတိုင်း၏ ဝန်ထမ်း လိုအပ်ချက်များကို ပြန်လည်စိစစ်ပြီး ဝန်ထမ်းများ အမြန်ဆုံးဖြည့်ဆည်း ခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၈ |

၁၁ နည်းပညာနှင့် အာမခံချက်ပေးသည့် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းများ ဖွံ့ဖြိုးမှု နည်းပါးနေသေးသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ် ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၄

၁၂ စပါး(၁)တင်းကို အနိမ့်ဆုံးဈေး (၅၀၀၀) ကျပ်နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူ တောင်သူ လယ်သမားများပါ တွက်ခြေကိုက်သော စပါးဈေးနှုန်းတစ်ရပ် ဖြစ်ပေါ်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၉

၁၃ ကြို့ကုန်းစိုက်ပျိုးရေး သုတေသနဗိမာန်တည်ဆောက်ရန် စိုက်ပျိုးရေး ဌာနက သိမ်းယူခဲ့သောမြေများအနက် မရမ်းကုန်းမြို့နယ်အတွင်းမှ အသုံးမလိုတော့သဖြင့် ပြန်လည်စွန့်လွှတ်သော မြေပိုင်ရှင်(၉၂)ဦး ၏စာရင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့ခဲ့သော်လည်း ဆက်လက် ဆောင်ရွက်ခြင်းမရှိသဖြင့် ပိုင်ရှင်အများစုမှာ ပြန်လည်မရရှိသေးပါ၍ ပိုင်ရှင်မည်မျှကို ပြန်လည်ပေးအပ်ပြီး ဖြစ်ပါသနည်း၊ ကျန်ရှိသော ပိုင်ရှင်များကို ပြန်လည်ပေးအပ်မည့် အစီအစဉ်အား သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၄

၁၄ သဘာဝဘေးကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ အရေးပေါ် ရန်ပုံငွေသုံးစွဲခြင်းအား အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပျက်စီးဆုံးရှုံးခဲ့သော စရိတ်ကာမိစေရန် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၉

၁၅ ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၅၆

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း နှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း ၆၂

၁၇ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၆၃

၁၈ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

ပထမနေ့ အစီအစဉ်

[ ၂၉-၄-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ် များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း-

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ ၁၇-၃-၂၀၁၉ မှ ၂၀-၃-၂၀၁၉ ရက်နေ့အထိ နီပေါလ် နိုင်ငံ အမျိုးသားကျန်းမာရေးအာမခံစနစ် ကျင့်သုံးနေမှုများအား လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝေဖြိုးအောင်၊ သာကေတ မဲဆန္ဒနယ်၏ ၁၈–၃–၂၀၁၉ မှ ၁၉–၃–၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ **Strengthening Legal Frameworks to Protect Children from Sexual Exploitation in Travel and Tourism** ဒုတိယ အကြိမ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ ၂၃–၃–၂၀၁၉ မှ ၂၄–၃–၂၀၁၉ ရက်နေ့အထိ ဂျပန်နိုင်ငံ (၅)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံ သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ် နှင့် ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ် တို့၏ ၆–၄–၂၀၁၉ မှ ၁၀–၄–၂၀၁၉ ရက်နေ့အထိ ကာတာနိုင်ငံ (၁၄၀)ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံ သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ ၁၅–၄–၂၀၁၉ မှ ၁၈–၄–၂၀၁၉ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံ **European Union Visitors Programme-EUVP 2019** သို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မြစေး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့၏ ၂၀–၄–၂၀၁၉ မှ ၂၇–၄–၂၀၁၉ ရက်နေ့အထိ တောင်အာဖရိက နိုင်ငံ **Western Cape** ပြည်နယ်လွှတ်တော်လေ့လာရေး သွားရောက် ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဌေး၊ ကော့ကရိတ် မဲဆန္ဒနယ် နှင့် ဦးကျော်မင်း၊ ကမာရွတ် မဲဆန္ဒနယ် တို့၏ ၂၃-၄-၂၀၁၉ မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ နယ်သာလန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသွင်ကူးပြောင်းမှုများနှင့် ဖက်ဒရယ်နိုင်ငံများရှိ လုံခြုံရေးကဏ္ဍ ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ ဝါးခယ်မ မဲဆန္ဒနယ်၏ ၂၇-၄-၂၀၁၉ မှ ၂၈-၄-၂၀၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ **Guidelines of AIPA Engagement with Guest, Observe and Dialogue Partner** ဆိုင်ရာ ယာယီလုပ်ငန်းအဖွဲ့အစည်းအဝေး သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်နှင့် ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်တို့၏ ၂၈-၄-၂၀၁၉ မှ ၃-၅-၂၀၁၉ ရက်နေ့အထိ ပေါ်တူဂီနိုင်ငံ (၂၆)ကြိမ်မြောက် **Harm Reduction International Conference (HR 19)** နှင့် လေ့လာရေး သွားရောက်သည့် ခရီးစဉ်၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ ၂၀၁၉ ခုနှစ် နွေရာသီကာလဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်သုံးစွဲမှုမဂ္ဂါဝပ်(**MW**)မည်မျှရှိမည်ကို လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် ခန့်မှန်းတွက်ချက်ထားမှု အခြေအနေနှင့်

လျှပ်စစ်ပြတ်တောက်မှုမရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်တို့ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ ပျော်ဘွယ်မြို့နယ်တွင် သူဌေးကုန်းမှ ရွှေညောင်ဖူး/ကျောက်ချပ် 33 KV လျှပ်စစ်ဓာတ်အားလိုင်းကို ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်း၍ တည်ဆောက်လျက်ရှိရာ ကော်မတီတွင် ပါဝင်ခဲ့သည့် ကျေးရွာ အချို့အား **NEP** စီမံချက်အရ နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ခွင့်ရရှိခြင်းကြောင့် အဆိုပါ ဓာတ်အားလိုင်းအား နိုင်ငံတော်အစိုးရ၏ ဓာတ်အားလိုင်းအဖြစ် လွှဲပြောင်းတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ လစဉ်သုံးစွဲပြီးသော ယူနစ်များကို **Digital** စနစ်ဖြင့် မီတာမဖတ်နိုင်သေးမီ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်လျှပ်စစ်ဌာနတိုင်း၏ ဝန်ထမ်းလိုအပ်ချက်များကို ပြန်လည်စိစစ်ပြီး ဝန်ထမ်းများ အမြန်ဆုံးဖြည့်ဆည်း ခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ နည်းပညာနှင့်အာမခံချက်ပေးသည့် စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ စပါး(၁)တင်းကို အနိမ့်ဆုံးဈေး (၅၀၀၀)ကျပ်နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူတောင်သူလယ်သမားများပါ တွက်ခြေ

ကိုက်သော စပါးဈေးနှုန်းတစ်ရပ်ဖြစ်ပေါ်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( စ ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ရန် စိုက်ပျိုးရေးဌာနက သိမ်းယူခဲ့သော မြေများအနက် မရမ်းကုန်းမြို့နယ်အတွင်းမှ အသုံးမလိုတော့သဖြင့် ပြန်လည်စွန့်လွှတ်သော မြေပိုင်ရှင်(၉၂)ဦး၏ စာရင်းကို မြို့နယ် အုပ်ချုပ်ရေးမှူးထံပေးပို့ခဲ့သော်လည်း ဆက်လက် ဆောင်ရွက်ခြင်း မရှိသဖြင့် ပိုင်ရှင်အများစုမှာ ပြန်လည်မရရှိသေးပါ၍ ပိုင်ရှင်မည်မျှကို ပြန်လည်ပေးအပ်ပြီး ဖြစ်ပါသနည်း၊ ကျန်ရှိသောပိုင်ရှင်များကို ပြန်လည်ပေးအပ်မည့် အစီအစဉ်အား သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ သဘာဝဘေးများကြောင့်ပျက်စီးခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ အရေးပေါ် ရန်ပုံငွေသုံးစွဲခြင်းအား အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ပျက်စီးဆုံးရှုံးခဲ့သော စရိတ်ကာမိစေရန် ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၉။ ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်က " စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီးဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန်ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့်အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်

နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော “ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော “ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

**၁၃၈၁ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက် ရက်စွဲပါကြေညာချက်အမှတ်(၅၄/၂၀၁၉)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါကြောင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကို ယူဆောင်ပြီး စင်မြင့်ရှေ့ သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာ မိမိတို့ရဲ့အမည်ကို ထည့်သွင်းရွတ်ဆိုရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုရန် အသင့်ဖြစ်စေလိုပါတယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ်နှစ်ဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ်------သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးသည် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး

အစည်းအဝေးအပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံကြရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးသည် မိမိအတွက် သတ်မှတ်ထားသည့်နေရာသို့ ပြန်လည်နေရာယူကြရန် ဖြစ်ပါတယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား

ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၂ ရက်၊

(၂) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေ ခွင့် ၂ ရက်၊

(၃) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊

(၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၅) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၆) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ခွင့် ၅ ရက်၊

(၇) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၂ ရက်၊

(၈) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၅ ရက်၊

(၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၀) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၅ ရက်၊

(၁၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၅ ရက်၊

(၁၃) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၁ ရက်၊

(၁၄) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၅ ရက်၊

(၁၅) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၆) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၁၇) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၂ ရက်၊

(၁၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၅ ရက်၊

(၁၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊

(၂၀) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊

(၂၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၂ ရက်၊

(၂၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊

**မှုကြမ်း**

(၂၃) လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၂ ရက်၊

(၂၄) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၂ ရက်၊

(၂၅) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊

(၂၆) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၂ ရက်၊

(၂၇) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၅ ရက်၊

(၂၈) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၉) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၂ ရက်၊

(၃၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၃ ရက်၊

(၃၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၃၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊

(၃၃) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁၂ ရက်၊

(၃၄) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၅ ရက်၊

(၃၅) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၃၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၃၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၃၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၃၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၄၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၄၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၅ ရက်၊

(၄၂) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၃ ရက်၊

(၄၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၅ ရက်၊

(၄၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၄၅) ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ခွင့် ၁ ရက်၊

(၄၆) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၆ ရက်၊

(၄၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၄၈) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၅ ရက်၊

(၄၉) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၅၀) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်၊

(၅၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊

(၅၂) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁၂ ရက်၊

(၅၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်နှင့်

(၅၄) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မြန်မာနှစ်သစ်ကူးအခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ နှစ်ဟောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ဘဝ အတွေ့အကြုံပေါင်းများစွာကနေ သင်ခန်းစာရယူပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ ရှေ့ဆက်ကြရမယ့်ခရီးလမ်းကို မှန်ကန်တဲ့ယုံကြည်ချက်တွေနဲ့လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ကြရမယ့် ဥပဒေကြမ်း ၁၄ ခုရှိပါတယ်။ အသင့်ဖြစ်အဆို ၁၆ ခု၊ အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၂၃၇ ခုပါရှိပါတယ်။ မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းတွေကို ဝန်ကြီးဌာနများရဲ့အခြေအနေနဲ့ ရရှိတဲ့အချိန်အခါပေါ်မူတည်ပြီး နေ့စဉ်အစည်းအဝေးအစီအစဉ်များမှာ များများစားစားထည့်သွင်းသွားမှာဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့လွှတ်တော်လုပ်ငန်းစဉ်များဟာ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရတာဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ပြည်သူလူထုရဲ့လူမှုစီးပွားဘဝတွေကို မြှင့်တင်နိုင်ဖို့အတွက် ဥပဒေများအခိုင်အမာပြဋ္ဌာန်းနိုင်ဖို့အထူးလိုအပ်ပါတယ်။ လွှတ်တော်များခိုင်မာအားကောင်းပြီး ပြည်သူက ပိုမိုအားကိုးလာဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့အခန်းကဏ္ဍနဲ့ ဥပဒေပြုရေးတာဝန်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်နိုင်ကြဖို့ အထူးလိုအပ်ပါတယ်။ မိမိတို့ကိုယ်စားပြုတဲ့ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့တာဝန်ဟာကြီးမားပြီး စနစ်တကျချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ် ဆောင်ရွက်နိုင်ကြမှသာ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေနဲ့ ရလဒ်ကောင်းတွေထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ ပြဋ္ဌာန်းထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စံနမူနာပြဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ဟာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေကို တတ်နိုင်သမျှစိစစ်ထိန်းညှိပြီး ဒီမိုကရေစီစံနှုန်းများနဲ့ ကိုက်ညီတဲ့လွှတ်တော်ဖြစ်စေရေး နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရတဲ့လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး ရရှိ

ဖို့အတွက် ဒီမိုကရေစီအရေး၊ တန်းတူရေးနဲ့ တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေးတို့ဟာ အထူးပင်အရေးကြီးလှပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ဆွေးနွေးဖြေရှင်းနိုင်ဖို့ အတွက် ယုံကြည်မှုတည်ဆောက်နိုင်အောင် ဝိုင်းဝန်းကူညီပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။ မိမိ တို့ဟာ ပြည်သူ့ကိုယ်စားလှယ်များပီပီ စိတ်ရင်းစေတနာမှန်နဲ့ ပြည်သူတွေရဲ့လိုလားချက်တွေကို ကြိုးပမ်းထမ်းဆောင်ကြဖို့ ပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်ပါပြည်ပခရီးစဉ်ကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်၏ ၁၇-၃-၂၀၁၉ မှ ၂၀-၃-၂၀၁၉ ရက်နေ့အထိ နီပေါလ်နိုင်ငံ အမျိုးသားကျန်းမာရေး အာမခံစနစ် ကျင့်သုံးနေမှုအား လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်၊ သာကေတမဲဆန္ဒနယ်၏ ၁၈-၃-၂၀၁၉ မှ ၁၉-၃-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ Strengthening Legal Frameworks to Protect Children from Sexual Exploitation in Travel and Tourism ဒုတိယအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်၏ ၂၃-၃-၂၀၁၉ မှ ၂၄-၃-၂၀၁၉ ရက်နေ့အထိ ဂျပန်နိုင်ငံ (၅)ကြိမ်မြောက် ကမ္ဘာ့ အမျိုးသမီးညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူးမဲဆန္ဒနယ်နှင့် ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်းမဲဆန္ဒနယ်တို့၏ ၆-၄-၂၀၁၉ မှ ၁၀-၄-၂၀၁၉ ရက်နေ့အထိ ကာတာနိုင်ငံ (၁၄၀)ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်၏ ၁၅-၄-၂၀၁၉ မှ ၁၈-၄-၂၀၁၉ ရက်နေ့အထိ ဘယ်လ်ဂျီယံနိုင်ငံ European Union Visitors Programme-EUVP 2019 သို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မြစေး ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀-၄-၂၀၁၉ မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ တောင်အာဖရိကနိုင်ငံ Western Cape ပြည်နယ်လွှတ်တော်လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးငွေ၊ ကော့ကရိတ်မဲဆန္ဒနယ်နှင့် ဦးကျော်မင်း၊ ကမာရွတ်မဲဆန္ဒနယ်တို့၏ ၂၃-၄-၂၀၁၉ မှ ၂၇-၄-၂၀၁၉ ရက်နေ့အထိ နယ်သာလန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသွင်ကူးပြောင်းမှုများနှင့် ဖက်ဒရယ်နိုင်ငံများရှိ လုံခြုံရေးကဏ္ဍခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း၊ ဝါးခယ်မမဲဆန္ဒနယ်၏ ၂၇-၄-၂၀၁၉ မှ ၂၈-၄-၂၀၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Guidelines of AIPA Engagement with Guest, Observe and Dialogue Partner ဆိုင်ရာ ယာယီလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်နှင့် ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်တို့၏ ၂၈-၄-၂၀၁၉ မှ ၃-၅-၂၀၁၉ ရက်နေ့

အထိ ပေါ်တူဂီနိုင်ငံ (၂၆)ကြိမ်မြောက် Harm Reduction International Conference(HR 19)နှင့် လေ့လာရေးသွားရောက်သည့်ခရီးစဉ်တို့ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ် ကိုးခုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**၂၀၁၉ ခုနှစ် နွေရာသီကာလဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်သုံးစွဲမှုမဂ္ဂါဝပ်(MW)မည်မျှရှိမည်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ခန့်မှန်းတွက်ချက်ထားမှု အခြေအနေနှင့် လျှပ်စစ်ပြတ်တောက်မှုရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်တို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ခန်းမအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ၂၀၁၉ ခုနှစ် နွေရာသီကာဖြစ်တဲ့ ဧပြီလ၊ မေလ၊ ဇွန်လ ဒီနွေရာသီကာလမှာ အခုလက်ရှိ မီးပျက်နေရတဲ့အကြောင်းအရင်းတွေနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ လွှတ်တော်ဒီနေ့ နီးရက်နဲ့အနီးဆုံးရက်ဖြစ်တဲ့ ၂၅-၄-၂၀၁၉ ရက်နေ့က ဒါလျှပ်စစ်ထုတ်လုပ်ထားတဲ့ လျှပ်စစ်ဝန်ကြီးဌာန Website ကတင်ပြထားတဲ့ ဒါအမြင့်ဆုံးထုတ်လုပ်မှုဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ၂၅-၄-၂၀၁၉ ရက်နေ့မှာဆိုရင် ၃၄၃၈.၁ မဂ္ဂါဝပ်ထုတ်ခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ် ၂၀၁၈ ခုနှစ် ဧပြီလ ၂၅ ရက်နေ့က ထုတ်ထားတဲ့ဟာ

ဖြစ်ပါတယ်။ ၃၃၄၉.မဂ္ဂါဝပ်အထိ ထုတ်နိုင်ပါတယ်။ ဒါပေမဲ့ ၂၀၁၉ ခုနှစ်မှာတော့ အနည်းငယ် ပိုပြီးသာထုတ်တာကို တွေ့ရပါတယ်။

ဒါကတော့ WESC ရဲ့ ဧပြီလ ၁၁၊ ၁၂ ရက်မှာ System Breakdown ကြောင့် ကျွန်တော်တို့ ရန်ကုန်မြို့တစ်မြို့လုံး တချို့မြို့နယ်တွေမှာ မီးပျက်ခဲ့ပါတယ်ဆိုတဲ့ ကြေညာချက်ထုတ်ထားတဲ့ စာဖြစ်ပါတယ်။ ဒါကျတော့ WESC က Distribution ကြောင့် ချို့ယွင်းလို့ဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တွေမှာ ဧပြီလ ၁၁ ရက်နေ့နောက်ပိုင်းကစပြီးတော့ နေ့တိုင်းနီးပါး မီးပြတ်တောက်နေရတဲ့ အခြေအနေကို ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ဒါကတော့ ၁၁ ရက်နေ့က System Breakdown ဖြစ်တာဖြစ်ပါတယ်။ ဒါကတော့ ၂၄ ရက်နေ့မှာလည်း မဟာဓာတ်အားလိုင်းက System Breakdown ဖြစ်ပါတယ်။ ဧပြီလထဲမှာ System Breakdown ကြောင့် သုံးကြိမ်ဖြစ်ပေါ်ပါတယ်။ ဒါကျတော့ ဒီ Distribution ရဲ့ အရေးပေါ်လုပ်ငန်းတွေကြောင့် မီးပျက်တာဖြစ်ပါတယ်။ ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များဖြစ်ပါတယ်။ ဒါကတော့ နေ့ရက်နှင့် တင်ပြထားတာပါ။ ကျွန်တော်တို့ ၁၁ ရက်နေ့ နောက်ပိုင်းက စပြီးတော့ ဒီလမှာ ၁၁ ရက်၊ ၁၂ ရက်၊ ၁၁ ရက်နေ့မှာဆိုရင် ဒါ System Breakdown ကြောင့် တစ်တိုင်းလုံးနီးပါးမီးပျက်တယ်။ ၁၂ ရက်နေ့မှာလည်း တစ်တိုင်းလုံနီးပါးမီးပျက်တယ်။ ပြီးတော့ ၂၀ ရက်နေ့မှာဆိုတော့ Distribution ရဲ့ ပြဿနာတွေကြောင့် ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်မှာပျက်တယ်။ ၂၃ ရက်နေ့မှာဆိုလည်းပျက်တယ်။ ၂၂ ရက်နေ့မှာဆိုလည်း ရွှေပြည်သာ၊ ဝါးတစ်ရာစက်မှုဇုန် Distribution Problem ကြောင့်ပျက်တယ်။ ၂၄ ရက်နေ့မှာလည်း System Breakdown ဖြတ်တယ်။ ဒါကျွန်တော်က ၂၅ ရက်နေ့အထိပဲ လုပ်ခွင့်ရှိပါတယ်။ ဒါလွှတ်တော်က ၂၉ ရက်နေ့ မေးခွန်းကြောင့်ပါ။ နေ့တိုင်းနီးပါးမီးပျက်ပါတယ်ခင်ဗျား။ နောက်တစ်ခု က နယ်တွေမှာလည်း အခုဓာတ်အားထုတ်လုပ်မှု လျော့နည်းတဲ့အတွက် Load Chart တွေ ကျွန်တော်တို့ဖြစ်ပြီးတော့ အလှည့်ကျမီးပေးတဲ့စနစ်တွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် သိချင်တဲ့ဟာက လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ဒီနှစ်နွေရာသီမှာ လျှပ်စစ်သုံးစွဲမှုဘယ်လောက်ရှိမယ် ဆိုတာကို မည်ကဲ့သို့တွက်ချက်ထားပြီးတော့ ထုတ်လုပ်မှုကို မည်ကဲ့သို့လုပ်ဆောင်ခဲ့သလဲ။ နောက်ပြီး တော့ ကျန်ရှိနေတဲ့ နွေရာသီကာလမှာ မီးမပျက်ရေးအတွက် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အချက်အလက်ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန် ဖြေဆိုချိန်ကိုပိုမိုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံဓာတ်အားစနစ်အတွင်းမှာ ဖြစ်ပေါ်လာမယ့် ဓာတ်အားလိုအပ်ချက်များကို ကာလတို၊ ကာလရှည် ခန့်မှန်းတွက်ချက်ပြီးတော့ ရေတို/ရေရှည်စီမံချက်များနဲ့ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် နွေရာသီကာလ ဓာတ်အားစနစ်အတွင်းမှာ လအလိုက် အမြင့်ဆုံးဖြစ်ပေါ်လာနိုင်တဲ့ ဓာတ်အားလိုအပ်ချက်များကို ခန့်မှန်းတွက်ချက်ခဲ့ရာမှာ ဇန်နဝါရီလအတွင်းမှာ ၃၄၈၀ မဂ္ဂါဝပ်၊ ဖေဖော်ဝါရီလအတွင်းမှာ ၃၅၇၇ မဂ္ဂါဝပ်၊ မတ်လအတွင်းမှာ ၃၈၀၇ မဂ္ဂါဝပ်၊ ဧပြီလအတွင်းမှာ ၃၉၁၇ မဂ္ဂါဝပ်နှင့် မေလအတွင်းမှာ ၃၈၇၈ မဂ္ဂါဝပ် အသီးသီးဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့ပါတယ်။ လက်တွေ့အမှန်တကယ်ဓာတ်အားသုံးစွဲမှုဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ ၃၃၀၄ မဂ္ဂါဝပ်၊ ဖေဖော်ဝါရီလမှာ ၃၄၉၇ မဂ္ဂါဝပ်နှင့် မတ်လမှာ ၃၆၅၄ မဂ္ဂါဝပ်၊ ဧပြီလမှာ အမြင့်ဆုံးက ၃၆၀၉ မဂ္ဂါဝပ်တို့ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလများမှာ အပူစွမ်းအင်သုံးဓာတ်အားပေးစက်များ၊ ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံနှင့် Run off River Type ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို (Base Load Generation) အဖြစ် ပြောင်းလဲပြီး ဓာတ်အားထုတ်လုပ်မောင်းနှင်စေခဲ့ပါတယ်။ တမံများနှင့်ရေစုပြီးမှ လျှပ်စစ်ထုတ်ရတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုတော့ Peak Load Generation Type အဖြစ် ပြောင်းလဲပြီး ဓာတ်အားစနစ်ရဲ့လိုအပ်ချက်အတိုင်း ဖြည့်ဆည်းမောင်းနှင်ပေးခဲ့တာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် တမံများမှာ ရေတွေကို ပိုမိုသိုလှောင်ထားနိုင်ဖို့ ကြိုးစားပြီးတော့ နွေရာသီ

ကာလဓာတ်အားလိုအပ်ချက်မှာ ရောက်ရှိချိန်မှာ ရေအားလျှပ်စစ်စက်ရုံများက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ဖို့ ကြိုးပမ်းစီမံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ထို့အပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကနေပြီးတော့ လျှပ်စစ်ဓာတ်အားပိုမို ထုတ်လုပ်နိုင်ရန်ဆောင်ရွက်ခဲ့တဲ့အခါမှာ မြင်းခြံမှာ Sembcorp ၂၂၅ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ အပြင် ယခု ၂၀၁၉ ခု နှစ်ဆန်းပိုင်းအတွင်းမှာ သထုံမှာ Combined Circle Power Plant ၁၁၈ မဂ္ဂါဝပ်၊ ကျောက်ဆည်မှာ Gas Engine သုံး ၁၄၅ မဂ္ဂါဝပ်နှင့် မြင်းခြံမှာလည်း Gas Engine သုံး ၉၀ မဂ္ဂါဝပ် စုစုပေါင်း ၃၅၃ မဂ္ဂါဝပ် စက်ရုံအသစ်တွေ တည်ဆောက်ပြီး ဓာတ်အားထုတ်ပေးခဲ့တာ ဖြစ်ပါ တယ်။ တင်ပြပါ Power Point ကတော့ ၁၄-၃-၂၀၁၉ ရက်နေ့ ထိုနေ့ကို တင်ပြရခြင်းအကြောင်း အရင်းဟာ ယခု နွေရာသီကာလအတွင်းမှာ Peak Load အမြင့်ဆုံးကိုရောက်ရှိခဲ့တဲ့ ၃၆၅၄ မဂ္ဂါဝပ် ရောက်ရှိခဲ့တဲ့ တစ်နေ့တာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရမှု အခြေအနေကို တင်ပြထားခြင်းဖြစ်ပါတယ်။ အနီရောင် Graph က သဘာဝဓာတ်ငွေသုံး ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများရဲ့ ၂၄ နာရီ Base Load ဖြင့် မောင်းနှင်ထုတ်လုပ်ပုံနှင့် အပြာရောင် Graph ဟာ တစ်နေ့တာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများက Peak Load Machine ဖြင့် မောင်းနှင်ဓာတ်အားထုတ်လုပ်ပုံဖြစ်ပြီးတော့ အစိမ်းရောင် Graph က တစ်နိုင်ငံလုံးရဲ့ ၂၄ နာရီဓာတ်အားထုတ်လုပ်ပေးရတဲ့ အနေအထားကို တင်ပြထားခြင်းဖြစ်ပါတယ်။

အဆိုပါ Graph အရကြည့်ရင် Peak Power များဖြစ်တဲ့ မနက်ပိုင်း ၈ နာရီကနေပြီးတော့ ၁၁ နာရီကြားကာလအတွင်းမှာသာ ၃၂၀၀ မဂ္ဂါဝပ်ကိုကျော်လွန်ပြီးတော့ ညနေပိုင်း ၁၆ နာရီကနေ ၂၁ နာရီကြားကာလမှာသာ ၃၂၀၀ မဂ္ဂါဝပ်ကိုကျော်ပြီး ဓာတ်အားပေးရတာဖြစ်ပါတယ်။ အမြင့်ဆုံး ဓာတ်အားထုတ်လုပ်မှု ၃၆၅၄ မဂ္ဂါဝပ်ကိုရောက်ရှိခဲ့သော်လည်းပဲ တစ်နေ့တာ ဓာတ်အားထုတ်လုပ် ရတဲ့ လျှပ်စစ်စွမ်းအင်ပမာဏဟာ ၆၇၀၀၀ ကျော်သာ ထိုနေ့ကထုတ်လုပ်ပေးခဲ့ရတာ ဖြစ်ပါတယ်။ ၂၂-၄-၂၀၁၉ ရက်နေ့ရဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေကို Graph များဖြင့် ထပ်မံ တင်ပြထားတာဖြစ်ပြီး ထို Graph မှာလည်းပဲ အနီရောင်နှင့် တင်ပြထားတဲ့ သဘာဝဓာတ်ငွေ့သုံးနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများရဲ့ ဓာတ်အားထုတ်လုပ်မှုဟာ တစ်နေ့တာ ကာလပတ်လုံး ၂၄ နာရီမှာ ၁၆၀၀ မဂ္ဂါဝပ်ပတ်လည် Constantly ထုတ်ပေးခဲ့တာတွေ့ရပါတယ်။ ယခင် Graph နှင့်

နိုင်းယှဉ်ကြည့်မယ်ဆိုလို့ ၂၀၀ မဂ္ဂါဝပ်ကျော် ၂၄ နာရီပတ်လုံး တောက်လျှောက်တိုးမြင့်ထုတ်လုပ်ပေးခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။

အပြာရောင် Graph ကတော့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရဲ့ ဓာတ်အားထုတ်လုပ်မှုဖြစ်ပါတယ်။ အစိမ်းရောင်ဟာ တစ်နိုင်ငံလုံးတစ်နေ့တာ ဓာတ်အားထုတ်လုပ်မှုကဖြစ်ပြီးတော့ Peak Load ဟာ ၃၅၁၆ မဂ္ဂါဝပ်သာရောက်ရှိခဲ့သော်လည်းပဲ မနက် ၆ နာရီမှစ၍ ည ၂၂ နာရီအထိ Day Peak ဟာ တစ်လျှောက်လုံး ၃၂၀၀ မဂ္ဂါဝပ်ကျော် တောက်လျှောက်ပြောင်းလဲသွားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လဆန်းပိုင်းတုန်းက မတ်လမှာဖြစ်ခဲ့တဲ့အနေအထားနဲ့ ဧပြီလမှာဖြစ်တဲ့အနေအထားဟာ နေ့တာကာလတစ်လျှောက်လုံးမှာ ၃၂၀၀ မဂ္ဂါဝပ်ကျော်ကို တောက်လျှောက်မောင်းနှင်ထုတ်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်တစ်နေ့တာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စွမ်းအင်ပမာဏကို ကြည့်လိုက်လို့ရှိရင် ၇၃၇၀၀ ကျော်ဖြစ်ပေါ်ခဲ့ပြီး ထုတ်လုပ်ခဲ့ကြောင်းကို တင်ပြထားတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Peak Load ကိုကျသွားသော်လည်းပဲ တစ်နေ့တာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရတဲ့ပမာဏဟာ ယခင်လထက်များစွာကွာခြားသွားတာ တင်ပြထားတာဖြစ်ပါတယ်။ တင်ပြပါ Graph ကတော့ နှစ်အလိုက် ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ နှစ်အလိုက် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွေမှာ လအလိုက် အမြင့်ဆုံးဓာတ်အားထုတ်လုပ်ပေးခဲ့ ရတဲ့ပမာဏကို တင်ပြထားတာ ဖြစ်ပါတယ်။

ဒီ Graph ကိုကြည့်လိုက်လို့ရှိရင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ Peak Load ဟာ ၂၁၀၀ ခန့်သာရှိသော်လည်းပဲ ယခု ၂၀၁၉ ခုနှစ်မှာ Peak Load ဟာ ၃၃၀၀ မဂ္ဂါဝပ် မြင့်မားစွာတိုးတက်သွားတာကို တွေ့ရသလို ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွေမှာလည်း အလားတူတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီအနေအထားဟာ ကျွန်တော်တို့ လက်ရှိလျှပ်စစ်ကဏ္ဍမှာ အမှန်တကယ် ထုတ်လုပ် ပေးနိုင်တဲ့ အနေအထား မည်သို့ပြောင်းလဲသွားတယ်ဆိုတာကို တင်ပြထားတာဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးခွန်းမှာပါရှိသွားသကဲ့သို့ ယခုဧပြီလမှာဆိုရင် တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင် လိုအပ်ချက်ရှိနေခဲ့တာဖြစ်ပါတယ်။ ထိုအချက်များကိုလည်း ဆက်လက်တင်ပြသွားပါမယ်။ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် မတ်လအတွင်းမှာ တစ်ရက်တာအမြင့်ဆုံး ရေအားလျှပ်စစ်ထုတ်လုပ်မှုဟာ တင်ပြပါ Graph မှာ ၂၂၁၂ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လေးနှစ်တာ မတ်လများကို နှိုင်းယှဉ်တင်ပြရရင် ၂၀၁၆ ခုနှစ်မှာ ၁၈၃၃ကနေ ၂၀၁၇

ခုနှစ်မှာ ၁၉၅၀ ဖြစ်တဲ့အတွက်ကြောင့် တစ်နှစ်တာ ရေအားလျှပ်စစ်က ၁၁၇ တိုးတက်သွားပါ တယ်။ ၂၀၁၇ ခုနှစ်ထက် ၂၀၁၈ ခုနှစ်မှာ ၁၃၄ မဂ္ဂါဝပ်တိုးတက်ပြီး ၂၀၁၈ ခုနှစ်ထက် ၂၀၁၉ ခုနှစ်မှာ ၁၂၈ မဂ္ဂါဝပ်တိုးတက်ပြီး ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။

ထိုကဲ့သို့တိုးတက်ပြီး ထုတ်လုပ်ခဲ့တယ်လို့ တင်ပြတဲ့အခါမှာ လွှတ်တော်မှာ ကျွန်တော် ယခင်ကလည်း တင်ပြခဲ့ဖူးပါတယ်။ မည်သည့်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်မှ ပြီးစီးခြင်း မရှိပါဘူးခင်ဗျား။ သို့ရာတွင် လက်ရှိရှိပြီးသား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများထဲကနေ တစ်နှစ်ထက်တစ်နှစ် သုံးနှစ်ဆက်တိုက် ၁၁၇ မဂ္ဂါဝပ်၊ ၁၃၄ မဂ္ဂါဝပ်၊ ၁၂၈ မဂ္ဂါဝပ်တိုးတက်အောင် ထုတ်လုပ်ခဲ့တဲ့အတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ သုံးနှစ်တာကာလအတွင်းမှာရှိပြီးသား ရေအားလျှပ်စစ်စက်ရုံများထဲမှ နောက်ထပ် ၃၇၉ မဂ္ဂါဝပ်တိုးတက်အောင် ကျွန်တော်တို့ ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ အပူစွမ်းအင်သုံးစက်များအနေနဲ့ မတ်လအတွင်းမှာ အမြင့်ဆုံး ၁၅၈၁ ထိထုတ်ပြီးတော့ သုံးနှစ်တာမှာ ၆၄၇ မဂ္ဂါဝပ်တိုးတက်ပြီး ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ System ကြီး တစ်ခုလုံးအနေနဲ့ သုံးနှစ်တာမှာ ၉၈၁ မဂ္ဂါဝပ်တိုးတက်ပြီး ထုတ်လုပ်ပေးခဲ့တာ တင်ပြအပ်ပါတယ်။ ဧပြီလအတွင်းမှာ ပြန်လည်တင်ပြရရင် ရေအားလျှပ်စစ်စက်ရုံများရဲ့ တစ်ရက်တာအမြင့်ဆုံးဓာတ်အားထုတ်လုပ်နိုင်မှုဟာ ၁၉၁၉ ခုနှစ် ဧပြီလမှာ ၁၉၇၁ မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်တယ်ဆိုတာလေးကို ပြန်လည်တင်ပြအပ်ပါတယ်။

ယခင်နှစ်ထက် ၁၅၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မှုစွမ်းအား လျော့ကျသွားပါတယ်။ ပြီးခဲ့တဲ့ မတ်လနှင့်ယှဉ်လိုက်ရင် မတ်လမှာ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ၂၀၀၂ မဂ္ဂါဝပ်နှင့် ယှဉ်လိုက်ရင် တစ်လအတွင်းမှာ ၁၉၇၁ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့တဲ့အတွက်ကြောင့် ရေအားများရဲ့ထုတ်လုပ်နိုင်မှုဟာ ၂၄၁ မဂ္ဂါဝပ်လျော့ကျသွားရခြင်း ဖြစ်ပါတယ်။ ဖြစ်ပေါ်ရခြင်း အဓိကအကြောင်းအရင်းများကို ပြန်လည်တင်ပြရရင်တော့ ဆည်ရေများကို များများစားစား ပိုပြီးစုတဲ့အခါမှာ ပြည်သူများရဲ့လိုအပ်ချက်ကြောင့်ဆိုပြီးတော့ ဆည်ရေများရဲ့ အမြင့်ကိုချပေးဖို့ ကျွန်တော်တို့ကို ပြီးခဲ့တဲ့ မိုးနှောင်းကာလမှာ တောင်းဆိုခြင်းများဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် လိုက်လျောခဲ့ရတာတွေ အများကြီးရှိပါတယ်။ အလားတူ နွေစပါးဧကတွေရဲ့ သတ်မှတ်ဧကတွေကို တိုးချဲ့ဆောင်ရွက်ပြီးတော့ ပျိုးထောင်ရေတွေလိုအပ်လို့ ဆည်ရေတွေကို ပျိုးထောင်ရေသွင်းနိုင်ရန်အတွက် ရေထုတ်ပေးပါဆိုတဲ့အတွက် ရေတွေထုတ်ပေးခဲ့ရပါတယ်။ အလားတူ အောင်ရေသွင်းဖို့အတွက် ရေတွေချပေးပါဆိုတဲ့အခါမှာ ဆည်ရေတွေကိုထပ်ပြီး ထုတ်ပေးခဲ့ရပါတယ်။ ထိုစဉ်ကာလတွေမှာ လယ်သမားတွေဟာ ပြည်သူတွေမို့လို့ ပြည်သူ

တွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ်ဆိုသော်ငြားလည်း ကျွန်တော်က ဒီလိုရေတွေကိုချပေးခဲ့လို့ရှိရင် နွေရာသီကာလကျလို့ရှိရင် တစ်တိုင်းပြည်လုံးမှာရှိတဲ့ပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အခက်အခဲတွေ မြောက်မြားစွာဖြစ်ပါတယ်ဆိုတာကိုလည်း ကျွန်တော်တင်ပြခဲ့ပါတယ်။

သို့ရာတွင် အားလုံးကို လိုက်လျော့ခဲ့ရတဲ့အတွက်ကြောင့် ယခုကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရဲ့ ထုတ်လုပ်နိုင်မှုဟာ ၁၉၇၁ မဂ္ဂါဝပ်ထိ လျော့နည်းကျဆင်းသွားခဲ့ရတာဖြစ်ပါတယ်။ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကတော့ ဧပြီလမှာ ၁၇၀၈ မဂ္ဂါဝပ်ထိ ထုတ်လုပ်နိုင်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့လထက်ပိုမိုပြီးထုတ်လုပ်နိုင်ခဲ့ပြီးတော့ စုစုပေါင်း သုံးနှစ်တာကာလမှာ ၇၅၁ မဂ္ဂါဝပ် ထုတ်လုပ်ခဲ့ပါတယ်။ ဧပြီလအတွင်း တစ်နိုင်ငံလုံးရဲ့ထုတ်လုပ်မှုဟာ သုံးနှစ်တာကာလကိုနှိုင်းယှဉ်ရင် ၈၆၆ မဂ္ဂါဝပ်ထိတိုးပြီးတော့ ထုတ်လုပ်ခဲ့သော်လည်း လိုအပ်ချက်ကို ပြည့်မီခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ နှစ်စဉ်လအလိုက် ရေအားလျှပ်စစ်စက်ရုံများက ရေအားလျှပ်စစ် စွမ်းအားထုတ်ခဲ့တဲ့ မဂ္ဂါဝပ်နာရီများကို နှိုင်းယှဉ်တင်ပြထားတာဖြစ်ပါတယ်။ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလအလိုက် ငါးနှစ်တာကို နှိုင်းယှဉ်တင်ပြထားတဲ့အခါမှာ မတ်လအတွင်းမှာ ရေအားလျှပ်စစ်ကိုအများကြီးထုတ်ပေးခဲ့ရပါတယ်။ ထိုကဲ့သို့ မတ်လအတွင်းမှာ ရေအားလျှပ်စစ်တွေကို အများကြီးထုတ်ပေးခဲ့တဲ့ နောက်ဆုံးက ညာဘက်အစွန်ဆုံးအပြာရောင် Graph အရ ဆည်ရေတွေ အမြင့်များစွာကျဆင်းသွားတဲ့အခါမှာ ဧပြီလမှာ ထုတ်လုပ်နိုင်မှုဟာ မတ်လလောက်မပြည့်မီ တော့တဲ့အနေအထားကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ တင်ပြပါ Graph ကတော့ အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက လျှပ်စစ်စွမ်းအားထုတ်လုပ်မှုဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတွေမှာ ညာဘက်အပြာရောင် Graph ဟာ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများရဲ့ ဓာတ်အားထုတ်လုပ်မှုဟာ ကျန်သောနှစ်များ ထက်များစွာသိသိသာသာ မြင့်မားထုတ်လုပ်ပေးခဲ့တာကို တင်ပြတွေ့ရှိရတာဖြစ်မှာ ဖြစ်ပါတယ်။ တင်ပြပါ Graph ကတော့ နှစ်အလိုက် ရေအားရော၊ အပူစွမ်းအင်သုံးလျှပ်စစ်ရော စုစုပေါင်း ဓာတ်အားထုတ်လုပ်မှုများဖြစ်ပါတယ်။ တင်ပြပါအခြေအနေအရ မတ်လမှာ စုစုပေါင်းထုတ်လုပ်မှုနဲ့ ဧပြီလမှာစုစုပေါင်းထုတ်လုပ်မှုဟာ များစွာမကွာခြားသော်လည်းပဲ တစ်နေ့တာ Graph ကို တင်ပြခဲ့တဲ့အတိုင်းတစ်နေ့တာရဲ့ လျှပ်စစ်သုံးစွဲမှုစွမ်းအင်ပမာဏတွေ များစွာလိုအပ်လာတဲ့အခါမှာ ဖြည့်ဆည်းပေးနိုင်ဖို့

လိုအပ်ချက်တွေဖြစ်ပေါ်လာခဲ့ရတာဖြစ်ပါတယ်။ ယခု ဧပြီလအတွင်းမှာ တစ်ရက်တာ အများဆုံး စွမ်းအင်ထုတ်လုပ်မှုကို တင်ပြထားတာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်တုန်းက မဂ္ဂါဝပ် hour ၅၅၀၀၀ နီးပါးပဲထုတ်လုပ်ပေးခဲ့ရပြီး ၂၀၁၇ ခုနှစ်မှာ ၅၉၀၀၀ ကျော်ထုတ်လုပ်ခဲ့ရပြီး ၂၀၁၈ ခုနှစ်မှာ ၆၈၀၀၀ ကျော်နဲ့ ၂၀၁၉ ခုနှစ်မှာ ၇၃၀၀၀၊ ၇၄၀၀၀ နီးပါးထုတ်လုပ်ပေးခဲ့သော်လည်း လျှပ်စစ်လိုအပ်ချက်တွေ ဖြစ်ပေါ်နေဆဲဖြစ်တာဖြစ်ပါတယ်။ နှစ်စဉ် တစ်လလုံးစုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဟာ ယခု ၂၀၁၉ ခုနှစ် ဧပြီမှာ မဂ္ဂါဝပ် hour နှစ်သန်းကျော်ထုတ်လုပ်ပေးနိုင်ခဲ့သော်ငြားလည်း တိုင်းပြည်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ ယခုထက်ပိုမိုမြင့်မားနေတဲ့အတွက်ကြောင့် မည်မျှပင်တိုးထုတ်နေ သော်လည်း လိုအပ်ချက်ကို ပြည့်မီခြင်းမရှိတာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့မေးခွန်းထဲမှာ System Breakdown အကြောင်း အကြောင်းတွေပါပါတယ်။ တကယ်တမ်းတော့ System Breakdown လွှတ်တော်ကိုယ်စားလှယ်ကြီး သုံးစွဲသွားတာဟာ သုံးကြိမ်ပါခဲ့တာဖြစ်သော်လည်း တကယ့်စစ်မှန်တဲ့ System Breakdown ကတစ်ကြိမ်ဖြစ်ပါတယ်။ ကျန်တာကတော့ရောပြီး သုံးစွဲတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ System Breakdown တွေဘာကြောင့်ဖြစ်ရလဲဆိုတာလေးကို ရှင်းပြလိုပါတယ်။ ၄-၃-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီလိုင်း မာန်စံ-ရွှေဆာရံလိုင်း တိုင်နံပါတ် ၇၈ နှင့် ၇၉ ကြားမှာ လက်နက်ကြီး ကျည်တွေ ထိမှန်ပြီးတော့ ၂၃၀ ကေဗွီလိုင်းကြိုးကြီးပျက်ကျသွားခဲ့ပါတယ်။ ထိုအခါမှာ လျှပ်စစ်ရွှေလီ ဓာတ်အား ပေးစက်ရုံရဲ့ မဂ္ဂါဝပ် ၄၀၀ ဓာတ်အားစနစ်ထဲကနေပြီးတော့ ထုတ်လုပ်နိုင်မှု လျော့ကျသလို ကျန်တဲ့ ဓာတ်အားပေးစက်ရုံတွေကလည်းပဲ ရပ်တန့်သွားခဲ့တာဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းကို တိုက်ပွဲ တွေကြားထဲမှာ ပြည်သူတွေလျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့ ကျွန်တော်တို့ဝန်ထမ်းတွေ ပြင်ဆင်နေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ၁၅-၃-၂၀၁၉ မှာ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော် ဓာတ်အားလိုင်း အလားတူ လက်နက်ကြီးကျည်ဆံထိမှန်ပြီးတော့ လိုင်းကြိုးတွေ လွှန်းကွာနေတဲ့ပုံ ဖြစ်ပါတယ်။

အဆိုပါဓာတ်အားလိုင်းကို ပြန်လည်ပြုပြင်နေတဲ့မှတ်တမ်းဓာတ်ပုံ ဖြစ်ပါတယ်။ ၁၉-၃-၂၀၁၉ မှာတော့ ၂၃၀ ကေဗွီ မြင်းခြံ-သပြေဝဓာတ်အားလိုင်းရဲ့ တိုင်နံပါတ် ၇၀ နဲ့ ၇၁ ကြားမှာ တောမီးလောင် ပြီးတော့ အဆိုပါမီးများရဲ့ မီးခိုးများဟာ လိုင်းကြိုးကိုဟပ်တဲ့အတွက်ကြောင့် ဓာတ်အားလိုင်း Traffic ဖြစ်ပြီးတော့ ဓာတ်အားပေးစက်တွေ System ထဲကနေထွက်သွားတဲ့အခါမှာ ပြည်သူတွေမီးပျက်တဲ့ ပြဿနာတွေ ကြုံတွေ့ရတာဖြစ်ပါတယ်။ ၉-၄-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီ သာစည်-သပြေဝလိုင်း

တိုင်နံပါတ် ၂၅ နဲ့ ၂၆ ကြားအောက်မှာလည်း အလားတူတောမီးလောင်တဲ့အတွက်ကြောင့် ဓာတ်အား လိုင်းအပြစ်ဖြစ်ပေါ်ပြီးတော့ ယာယီအပြစ်ဖြစ်ပေါ်ကာ ဓာတ်အားတွေ ပျက်တောက်ခဲ့တဲ့ဖြစ်စဉ်တွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ၁၁-၄-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီ သပြေ၀-တောင်တွင်းကြီးဓာတ်အားလိုင်း တိုင်နံပါတ် ၁၀၇ မှာရှိတဲ့ ကြွေသီးမှာ Flack Over ဖြစ်ပေါ်ခဲ့ပြီးတော့ အပြစ်ဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်သူတွေလျှပ်စစ်ဓာတ်အား ပြန်ရရှိဖို့အတွက် ကျွန်တော်တို့ ဝန်ထမ်းတွေက မီးသုံးစွဲမှု အနည်းဆုံး အချိန်ဖြစ်တဲ့ ညသန်းခေါင်မှာတက်ရောက် ပြုပြင်နေတဲ့ မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ၁၂-၄-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီလိုင်း သပြေ၀-တောင်တွင်းကြီး ဓာတ်အားလိုင်းရဲ့ တိုင်အမှတ် ၁၂၄ ကြွေသီးတွဲ ပေါ်မှာ ဆောင်းခိုငှက်တွေရဲ့ ငှက်ချေးတွေကို စစ်ဆေးတွေ့ရှိခဲ့တဲ့အနေအထား ဖြစ်ပါတယ်။ အဆိုပါ အနေအထားတွေကို ပြန်လည်ပြုပြင်တဲ့အခါမှာ ကျွန်တော်တို့ ဓာတ်အားသုံးစွဲမှုအနည်းဆုံးအချိန် ပြည်သူတွေထိခိုက်မှုအနည်းဆုံးဖြစ်အောင် ညသန်းခေါင်ကြီးကျမှ ဝန်ထမ်းတွေက တက်ရောက်ပြီး ဆေးကြောသုတ်သင်နေတဲ့အချိန်ဖြစ်ပါတယ်။ ၁၈-၄-၂၀၁၉ ရက်နေ့မှာ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ်အားလိုင်း နောက်တစ်ကြိမ် လက်နက်ကြီးထိမှန်ပြီး ကြိုးလွန်းတွေကွာတဲ့မှတ်တမ်း ဓာတ်ပုံဖြစ်ပါတယ်။ ပြန်လည်ပြုပြင်နေတဲ့ မှတ်တမ်းဓာတ်ပုံကို တင်ပြထားခြင်းဖြစ်ပါတယ်။ အဆိုပါ ပုံကတော့ ၂၄-၄-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီ သပြေ၀-တောင်တွင်းကြီးဓာတ်အားလိုင်း တိုင်နံပါတ် ၁၁ Tent ion Coat မှာ သာမန် Imager နဲ့ အပူချိန်ကိုသွားတိုင်းတဲ့အခါမှာ Over heat ဖြစ်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ ပြည်သူတွေ လျှပ်စစ်ဓာတ်အားအများကြီးသုံးတဲ့အခါမှာ Over Load ဖြစ်နေတဲ့အနေအထားဖြစ်ပါတယ်။

အဆိုပါ Connection ကိုလည်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းကို ညသန်းခေါင်မှာ ပြည်သူတွေ မီးသုံးစွဲမှုအနည်းဆုံးအချိန်မှာမှ ကျွန်တော်တို့ဝန်ထမ်းတွေ အလုပ်လုပ်ပြီးဆောင်ရွက်နေရတာကို တင်ပြထားခြင်းဖြစ်ပါတယ်။ ၂၅-၄-၂၀၁၉ ရက်နေ့ကလည်း ခုနက System Breakdown လို့ထည့်ပြီး ပြောလိုက်တဲ့အထဲမှာ ပါသွားတဲ့အချက်ဖြစ်ပါတယ်။ တကယ်တမ်းက System Breakdown မဖြစ်ပါ ဘူး။ ၂၃၀ ကေဗွီ သပြေ၀-သာယာကုန်း-ကမာနက် တိုင်အမှတ် ၂၅၄ မှာ လေနဲ့လွင့်ပါလာတဲ့ ပလတ် စတစ်စဟာ ရစ်ပတ်ပြီးတော့မှ လိုင်းအပြစ်ဖြစ်ပေါ်မှု ဖြစ်ပွားခဲ့ပါတယ်။ ဒါကြောင့် လောပိတကနေ လာတဲ့ ဓာတ်အားတွေ ပြတ်တောက်သွားခဲ့ပြီး ရန်ကုန်မြို့မှာ မီးတွေပြတ်တောက်ခဲ့ရတာဖြစ်ပါတယ်။ အဆိုပါ ပလတ်စတစ်စကို နေ့အချိန်မှာ စစ်ဆေးတွေ့ရှိနိုင်သော်လည်းပဲ ထပ်ပိတ်ပြီးပြင်နေလို့ရှိရင်

ပိုကြာမှာဖြစ်တဲ့အတွက်ကြောင့် နောက်တစ်ကြိမ် အလိုအလျောက်ဓာတ်အားပြတ်တောက်သွားမှု ဖြစ်နိုင်ခြေ Risk ကို ခံစားပြီးတော့မှ ညအချိန်ကျမှ ဒီပလတ်စတစ်စကိုတတ်ပြီးတော့ ရှင်းလင်းနေတဲ့ ပုံကို တင်ပြထားခြင်းဖြစ်ပါတယ်။ ၂၆-၄-၂၀၁၉ ရက်နေ့မှာ ၂၃၀ ကေဗွီ မြင်းခြံ-သပြေ၀ ဓာတ်အား လိုင်းအောက်မှာ မီးရှို့ပြီးတော့ တောကောင်လိုက်တဲ့သူတွေကြောင့် တောမီးလောင်ပြီးတော့ ဓာတ်အား လိုင်းအပြစ်ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။

ထိုအချိန်မှာ ဒီဓာတ်အားလိုင်းတွေရဲ့ကိစ္စတွေကိုလိုက်ပြီး ပြုပြင်နေရတဲ့ဝန်ထမ်းတစ်ယောက်ရဲ့ ရေးသားထားတဲ့အချက်လေးပါ ကျွန်တော် တင်ပြထားတာဖြစ်ပါတယ်။ ဒီလိုမီးတွေပြတ်တောက် သွားမယ့်ဟာကို သူတို့ကြောက်ပြီး မီးတွေလိုက်ငြိမ်းနေရသလို အမှောင်ထဲမှာ မြွေအန္တရာယ်တွေ၊ ဒါတွေကိုလည်း ကြောက်လန့်စွာနဲ့ Aliment ကဝန်ထမ်းတွေဟာ လုပ်ကိုင်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ တင်ပြသွားတဲ့အချက်တွေအရ ပြန်လည်ရှင်းလင်းတင်ပြ သုံးသပ်လိုတာကတော့ ပြည်သူတွေ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အတတ်နိုင်ဆုံး၊ အကောင်းဆုံး အခြေအနေများရရှိအောင် အထူးကြိုးပမ်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့သော်ငြားလည်း ဆည်ရေများကျဆင်းသွားပြီးတဲ့အခြေအနေကို ရောက်ရှိလာပြီဖြစ်တဲ့အတွက်ကြောင့် ယခုနွေရာသီ ကာလမှာတော့ မျှတခွဲဝေသုံးစွဲတဲ့အစီအစဉ်နဲ့ ပြည်သူတွေကို လျှပ်စစ်ပေးလျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုအနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ပြီးပြည့်စုံသော အကြောင်းအချက်များစွာကို တင်ပြပြီးတော့ ရှင်းပြသွားတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အိမ်နီးနားချင်း လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတွေမှာလည်း ကျွန်တော်တို့လိုပါပဲ။ ဒီလိုပြဿနာတွေကြုံတွေ့နေရပါတယ်။ ဒါပေမဲ့လည်း မီးပြတ်တောက်မှုဟာ ကျွန်တော်တို့ထက် နည်းပါတယ်။ ဆိုတော့ ဝန်ကြီးတင်ပြသွားတဲ့အထဲမှာ ရေအားလျှပ်စစ်ကြောင့် ဓာတ်အားမထုတ်လုပ် နိုင်ဘူးဆိုတာကတစ်ချက်၊ ဓာတ်အားထုတ်လုပ်မှု နောက်တစ်ချက်က Transitation ရဲ့ တောမီးလောင် တာတို့၊ ဒီဟာတွေဥစ္စာကတစ်ကြောင်း၊ နောက် Destitution ကြောင့်ပြတ်တာတွေလည်း ကျွန်တော်တို့

အများကြီးတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ဒုတိယဝန်ကြီးကို ထပ်ဆင့်မေးခွန်းမေးချင်တာကတော့ ဒီနွေရာသီဆိုတာ နှစ်တိုင်းနှစ်တိုင်း ကြုံတွေ့နေရတာပါ။ နှစ်တိုင်းနှစ်တိုင်းလည်း ဒီပြဿနာတွေဖြစ်နေရတာပါ။ ဒါတွေကို အခုလက်ရှိခေတ်ကာလမှာ မီးအားရှိမှ စီးပွားရေးလည်တိုးတက်မယ်၊ လူမှုဘဝလည်း ဖူလုံမှာဖြစ်တဲ့အတွက် ပြည်သူတွေဟာ မီးပြတ်တောက်မှုကို လုံဝမလိုလားပါဘူး။ ဒါကြောင့် ပြည်သူတွေဆန္ဒ၊ ပြည်သူတွေရဲ့ မီးမှန်မှုကိုရရှိအောင် မီးဌာနအနေနဲ့ ၂၀၂၀ နွေရာသီမှာလည်း ဓာတ်အားထုတ်လုပ်မှုတွေကို တိုးမြှင့်ပြီး ရေအားနဲ့မရရင် အခြားနည်းနဲ့ တစ်နှစ်အတွင်း အရန်ပမာဏအထိရအောင် ဘယ်လိုလုပ်မလဲ၊ ဒီလိုမျိုးလိုင်းပြဿနာတွေကိုလည်း မဖြစ်အောင်၊ ဘယ်လိုဖြစ်လာရင်လည်း ဘယ်လိုကာကွယ်အောင်လုပ်ဖို့ အစီအစဉ်ရှိလဲဆိုတာကို သိရှိလိုပါသဖြင့် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ အခြားနိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားမပြတ်တောက်ဘူးဆိုတာ မဟုတ်ပါဘူး။ စင်ကာပူနိုင်ငံမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားတဲ့အချိန်မှာ ကျွန်တော်တို့လို နာရီပိုင်းတောင်ပြန်မရဘဲနဲ့ ရက်တောင်ကြာပါတယ်။ အမေရိကန်နိုင်ငံမှာ ဓာတ်အားပြတ်တောက်သွားတဲ့အချိန်မှာ နှစ်ပတ်ကြာပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်တဲ့အချိန်မှာ မည့်သည့်ရက်မဆို တစ်ရက်အတွင်းမှာ နာရီပိုင်းနှင့် နှစ်နာရီ၊ သုံးနာရီအတွင်းပြန်ရတဲ့ဟာကို ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်နိုင်ပါတယ်။ အခြားနိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနည်းတယ်ဆိုတဲ့အချိန်မှာ အခြားနိုင်ငံတွေရဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ ဘတ်ဂျက်သုံးစွဲခွင့်ရရှိတဲ့ ပမာဏနှင့် မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ ဘတ်ဂျက်သုံးစွဲခွင့်ရရှိမှု ပမာဏကိုပါ နှိုင်းယှဉ်တင်ပြစေလိုပါတယ်။

လျှပ်စစ်ဓာတ်အားပြတ်တောက်ရန် မဖြစ်ဖို့မည်ကဲ့သို့စီမံဆောင်ရွက်မလဲလို့ဆိုရင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နှစ်စဉ်တင်ပြတောင်းခံတဲ့ ဘတ်ဂျက်ပမာဏများအားလုံးကို ခွင့်ပြုပေးဖို့လည်း လိုအပ်တယ်ဆိုတာလည်း တင်ပြလိုပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဏ္ဍဟာ အခုရေတွင်းတူး အခုရေကြည်သောက်လို့မရတဲ့ ကိစ္စရပ်မျိုးဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုတည်ဆောက်မယ်ဆိုလို့ရှိရင် စီမံကိန်းချပြီးဆောင်ရွက်တာနှင့် ခုနစ်နှစ်၊ ရှစ်နှစ်ကြာအောင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဆိုပါ ခုနစ်နှစ်၊ ရှစ်နှစ်ကြာအောင်ဆောင်ရွက်တဲ့အချိန်မှာ တစ်နှစ်တာ

မှာ ထိုကာလသတ်မှတ်လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်တဲ့ဘတ်ဂျက်ကို ခွင့်မပြုလိုက်ဘူးဆိုတာနှင့် တစ်ပြိုင်နက် ထိုစီမံကိန်းရဲ့ပြီးစီးရမည့်ကာလဟာ နောက်ထပ်တစ်နှစ်ကို နောက်ကို အလိုအလျောက်ရွှေ့သွားတာဖြစ်ပါတယ်။ စီမံကိန်းကာလ ရှစ်နှစ်ကာလအတွင်းမှာ တစ်နှစ်တာ ခြေချော်လက်ချော်တင်မကဘူး နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်ဆက်တိုက်များဖြစ်ပေါ်သွားမယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနရဲ့ ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းမည့် စီမံကိန်များအောင်မြင်ပြီးစီးမှုဟာ ပျက်ပြယ်သွားမှာဖြစ်ပါတယ်။ ထိုအခါကျလို့ရှိရင် ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မှုမရှိဘူးလားဆိုတဲ့ ပြည်သူတွေဘက်က မေးခွန်းတွေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကတစ်ဆင့် ယခုကဲ့သို့ မေးမြန်းလာမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ဝန်ကြီးဌာနရဲ့ Plan တွေအားလုံး အောင်မြင်ဖို့ဆိုတာဟာ ဝန်ကြီးဌာနရဲ့ လိုအပ်ချက်အားလုံးရရှိမယ်ဆိုလို့ရှိရင် ထိုသို့ဆောင်ရွက်ပေးနိုင်မှုကိုလည်း တစ်နှစ်တာတည်းဆောင်ရွက်နိုင်လို့မရဘဲနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိလျှပ်စစ်အခြေအနေအရ ၀ါးနှစ်၊ ၁၀ နှစ် ဆက်တိုက် ကြိုးပမ်းဆောင်ရွက်သွားမှ ပြေလည်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့နယ်တွင် သူဌေးကုန်းမှ ရွှေညောင်ဖူး/ကျောက်ချပ် 33 KV လျှပ်စစ်ဓာတ်အားလိုင်းကို ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်း၍ တည်ဆောက်လျက်ရှိရာ ကော်မတီတွင်ပါဝင်ခဲ့သည့် ကျေးရွာအချို့အား NEP စီမံချက်အရ နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခွင့် ရရှိခြင်းကြောင့် အဆိုပါဓာတ်အားလိုင်းအား နိုင်ငံတော်အစိုးရ၏ ဓာတ်အားလိုင်းအဖြစ် လွှဲပြောင်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးသောင်းအေး မေးမြန်းလိုတဲ့ မေးခွန်းကိုတော့ Power Point နဲ့တင်ပြခွင့်ပြုပါ။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မှာ သူဌေးကုန်းကနေ ရွှေညောင်ဖူး/ကျောက်ချပ် 33 KV လျှပ်စစ်ဓာတ်အားလိုင်းကို ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်းပြီးတော့ တည်ဆောက်လျက်ရှိပါတယ်။ ဒီဓာတ်အားလိုင်းကို နိုင်ငံတော်ရဲ့ အစိုးရဓာတ်အားလိုင်းအဖြစ် လွှဲပြောင်းတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်း

**မူကြမ်း**

ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပျော်ဘွယ်မြို့ရဲ့ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာမှာရှိတဲ့ ရွှေညောင်ဖူး/ကျောက်ချပ်ကျေးရွာအုပ်စုဟာ အိမ်ခြေပေါင်း ၁၃၀၀ ကျော်နဲ့ တိုက်နယ်ဆေးရုံတစ်ခု၊ ရဲစခန်းတစ်ခု၊ အထက်တန်းကျောင်းတစ်ကျောင်းနဲ့ စည်ပင်ဈေးများတည်ရှိရာ ကျေးရွာအုပ်စုကြီးများ ဖြစ်ပြီးတော့ ပတ်ဝန်းကျင်မှာ ကျေးရွာအုပ်စု ၉ စုနဲ့ ကျေးရွာပေါင်း ၃၀ ကျော် ဆက်စပ်တည်ရှိလျက် ရှိပါတယ်။ ကျေးရွာအုပ်စုအသီးသီးမှာ ကျေးရွာသူ/သားတွေဟာ ဒေသဖွံ့ဖြိုးရေးအတွက်၊ လူမှု စီးပွားရေးဘဝ တိုးတက်ဖို့အတွက် အခြေခံကျတဲ့ လျှပ်စစ်မီးရရှိရန် ဆန္ဒပြင်းပြတဲ့အားလျော်စွာ ၂၀၁၄ ခုနှစ်မှာ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ရန် ကြိုတင်ညှိနှိုင်းခဲ့ကြပြီးတော့ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။ လုပ်ထုံးလုပ်နည်းနှင့် အညီ မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး သက်ဆိုင်ရာ လျှပ်စစ်ဌာနရဲ့ခွင့်ပြုချက်နဲ့ ဆောင်ရွက်ခဲ့ ကြောင်း တွေ့ရပါတယ်။ ၁၀ မိုင်ခန့်ရှိတဲ့ ဒီ ၃၃ KV ဓာတ်အားလိုင်း တည်ဆောက်ရေးအတွက် ကုန်ကျငွေကိုတော့ ကျေးရွာအသီးသီးမှာရှိတဲ့ အိမ်ထောင်စုဦးရေအလိုက် အချိုးကျထည့်ဝင်ရန် သဘောတူဆုံးဖြတ်ပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုထံမှာ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျေးရွာအလိုက် ထည့်ဝင်ငွေအပြည့်အဝ မရရှိသေးမီ ကြိုတင်ငွေ ရရှိအောင် မြို့နယ်သမဝါယမ ငွေစုငွေချေးလုပ်ငန်းကနေ ငွေကြေးများချေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ဒီ ကိုယ့်အားကိုယ်ကိုး 33 KV ဓာတ်အားလိုင်းတည်ဆောက်ရေးကို ကြိုးစား ဆောင်ရွက်လျက်ရှိနေတဲ့ ကျေးရွာသူကျေးရွာသားတွေကို နိုင်ငံတော်က ပံ့ပိုးကူညီပေးစေလိုတဲ့ဆန္ဒနဲ့ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယအကြိမ်ပုံမှန်အစည်းအဝေး ၂၉-၁၁-၂၀၁၆ ရက်နေ့မှာ လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို 33 KV ဓာတ်အားခွဲရုံနဲ့ ဓာတ်အားလိုင်းတည်ဆောက်ရေးကူညီပံ့ပိုးပေးဖို့ မေးခွန်းမေးမြန်း တင်ပြခဲ့ပါ တယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက လက်ခံခွင့်ပြုတဲ့အတွက် ရွှေညောင်ဖူး ဓာတ်အားခွဲရုံတစ်ရုံနဲ့ ဓာတ်အားလိုင်း ၂.၅ မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရရှိခဲ့ပါတယ်။ ဒီလုပ်ငန်းကို မီးလင်းရေးကော်မတီ၊ ပုဂ္ဂလိကကုမ္ပဏီနဲ့ မြို့နယ်လျှပ်စစ်တို့ ပူးပေါင်းဆောင်ရွက်မှု ကြောင့် လုပ်ငန်းဟာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ကျေးလက်နေပြည်သူအများစုက စေတနာသဒ္ဓါထက်သန်စွာဖြင့် 33 KV ဓာတ်အားလိုင်းတစ်ခုကို ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီ ဆောင်ရွက်ပြီးခဲ့ပါသော်လည်း

လက်ရှိနိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီး လျှပ်စစ်ကော်ပိုရေးရှင်းအသီးသီးရဲ့ လျာထားချက်အစီအမံများနဲ့ NEP စီမံချက်တွေအရ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေရတဲ့ ကျေးရွာအချို့ကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးရန် အစီအစဉ်များရှိကြောင်း ကြားသိလာရတဲ့အတွက် မူလမီးလင်းရေးကော်မတီရဲ့ သဘောတူထားချက်နဲ့အညီ အိမ်ထောင်စုအလိုက်၊ ကျေးရွာအလိုက် ထည့်ဝင်ရမယ့်ငွေကြေးများ ဆက်လက်ထည့်ဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ဒီအတွက် တည်ဆောက်ပြီးတဲ့ 33 KV ဓာတ်အားလိုင်းတည်ဆောက်ထားတဲ့ သမဝါယမချေးငွေများ မီးလင်းရေးကော်မတီမှာ ပြန်လည်ပေးဆပ်ရာ အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်လျှပ်စစ်၊ တိုင်းဒေသကြီး တာဝန်ရှိသူများနှင့် မီးလင်းရေးကော်မတီတို့တွေ့ဆုံပြီးတော့ ဆွေးနွေးအဖြေရှာခဲ့သော်လည်း ချေးငွေများပြန်လည်ပေးဆပ်နိုင်ရန် မူလလျာထားတဲ့ ကျေးရွာ၊ အိမ်ထောင်စုအလိုက် ထည့်ဝင်ရမယ့်ငွေများရရှိရေးကို ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း လှိုင်းတက်ဓာတ်အားခွဲရုံကနေ ယခုတည်ဆောက်ပြီးတဲ့ ရွှေညောင်ဖူးဓာတ်အားခွဲရုံအထိကို 33 KV ဓာတ်အားလိုင်း ၁၆ မိုင် တည်ဆောက်လျက်ရှိပြီးတော့ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားတဲ့ ရွှေညောင်ဖူး- ပျော်ဘွယ် 33 KV ဓာတ်အားလိုင်းနဲ့ချိတ်ဆက်ပြီး ပျော်ဘွယ်မြို့နယ်ကို ဓာတ်အားပို့လွှတ်ရန် စီစဉ်နေကြောင်း သိရှိရပါတယ်။ ဒီအစီအစဉ်အရ ပျော်ဘွယ်မြို့နယ်အတွက် 33 KV ဓာတ်အားလိုင်းသစ်တစ်ခု ဒီလမ်းကြောင်းအတိုင်း ဖြစ်ပေါ်လာမယ်ဆိုရင် ခုန မီးလင်းရေးကော်မတီ တည်ဆောက်လျက်ရှိနေတဲ့ ပျော်ဘွယ်-ရွှေညောင်ဖူး 33 KV ကိုယ့်အားကိုယ်ကိုးဓာတ်အားလိုင်းကို နိုင်ငံတော်ဓာတ်အား လိုင်းအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းက ပိုမိုသင့်တော်မယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ယခုကဲ့သို့ နိုင်ငံတော်ပိုင်ဓာတ်အားလိုင်းအဖြစ် သတ်မှတ်ပြီး ရန်ပုံငွေခွင့်ပြုချထားပေးမယ်ဆိုရင် အားကြိုးမာန်တက်ဆောင်ရွက်နေကြတဲ့ ကျေးလက်နေပြည်သူများ ကျေးလက်မီးလင်းရေးကော်မတီများရဲ့ ဆောင်ရွက်မှုကို အသိအမှတ်ပြုရာရောက်သလို ငွေကြေးအခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးနိုင်ပြီးတော့ နိုင်ငံတော်ရဲ့ အမျိုးသားလျှပ်စစ်စွမ်းအားမြင့်မားရေးကိုပါ အထောက်အကူပြုလာနိုင်မှာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည်စုံကြပါစေ။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး က ယခင်ကလည်း မေးခွန်းပုံစံတစ်မျိုးနဲ့ အကြောင်းအရာတူ မေးမြန်းခဲ့ပြီးသားဖြစ်ပါတယ်။ အဆိုပါ 33 KV ရွှေညောင်ဖူးဓာတ်အားလိုင်း ၁၂ မိုင်ကို ကျေးရွာမီးလင်းရေးကော်မတီတွေက သူတို့ရဲ့ ရန်ပုံငွေတွေနဲ့တည်ဆောက်မယ်ဆိုပြီး ခွင့်ပြုချက်တောင်းခဲ့တဲ့အတွက်ကြောင့် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လုပ်ထုံးလုပ်နည်းနှင့်အညီ တည်ဆောက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါ တယ်။ မီးလင်းရေးကော်မတီက ၉.၅ မိုင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ကျန်ရှိတဲ့ ၂.၅ မိုင်နဲ့ ရွှေညောင်းဖူးဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီ ၃ အမ်ဗီအေဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ သဖန်းချောင်း ဓာတ်အားလိုင်း ၁၆ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ သဖန်းချောင်းဓာတ်အားခွဲရုံတစ်ရုံ စုစုပေါင်း ၃၃ ကေဗွီဓာတ်အားလိုင်း ၁၈.၅ မိုင်တို့ကို ပြည်ထောင်စုဘတ်ဂျက်နဲ့ တည်ဆောက်ပေးခဲ့ပြီးတော့ သဖန်းချောင်းဓာတ်အားခွဲရုံကိုတော့ ၂၀၁၈ ခုနှစ် မေလကတည်းက ဓာတ်အားလွှတ်ခဲ့တာ ဖြစ်ပါတယ်။ ရွှေညောင်ဖူးဓာတ်အားခွဲရုံဟာလည်း ဓာတ်အားလွှတ်ဖို့ အဆင်သင့်အနေအထား ဖြစ်သော်ငြားလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါရှိသကဲ့သို့ ကျေးရွာမီးလင်းရေးကော်မတီတွေနဲ့လုပ်ငန်း အပ်နှံထားသော ပုဂ္ဂလိကကုမ္ပဏီ ထူးမြတ်စံကျော်တို့အကြားမှာပေးရန်ရှိ ငွေစာရင်းတွေ ကျန်ရှိနေတဲ့ အတွက်ကြောင့် အဆိုပါတည်ဆောက်တဲ့ကုမ္ပဏီက ကန့်ကွက်ပြီးတော့ ဓာတ်အားလွှတ်မရခြင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာဖော်ပြထားသလို အဆိုပါ မီးလင်းရေးလုပ်ငန်းဆောင်ရွက် ရန် သမဝါယမငွေစုငွေချေးလုပ်ငန်းက ချေးယူထားတဲ့ ကျေးရွာမီးလင်းရေးကော်မတီတွေရဲ့ ပေးရန် တာဝန်ကို အဆိုပါဓာတ်အားလိုင်းအား အစိုးရကဌာနပိုင်အဖြစ်လွှဲယူခြင်းဖြင့် ပေးရန်ရှိငွေကြေး တာဝန်ကိုပါ လွှဲယူရန်ဆိုတဲ့ကိစ္စကတော့ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု မရှိပါ။ အကယ်၍ မီးလင်းရေးကော်မတီနဲ့ပုဂ္ဂလိက တည်ဆောက်ရေးကော်မတီတို့အကြားမှာရှိတဲ့ ငွေရေးကြေးရေးကိစ္စတွေကို ရှင်းလင်းပြီးတဲ့ နောက်ပိုင်းမှာ အဆိုပါဓာတ်အားလိုင်းကို ဓာတ်အား

လွှတ်နိုင်ပြီးတဲ့အချိန်မှာတော့ ကတိခံဝန်ချက် (၁၂)ချက်ပါအရ အဆိုပါခေတ်အားလိုင်းကို ဌာနက လွှဲပြောင်းပြီးတော့ ရေရှည်စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဘတ်ဂျက်စိုက်ထုတ်ပြီးတော့ တာဝန်ယူ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်အပေါ်မှာတော့ ကျွန်တော် လွန်စွာစိတ်မကောင်းဖြစ်မိပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ ခုနကပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မီးပြတ်တောက်မှုနဲ့ပတ်သက်လို့ မေးမြန်းထားသလို နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားရရှိရေးဟာ ပြည်သူတွေအတွက် လိုလားတောင့်တနေတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ မီးလင်းရေးကော်မတီဆိုတာ ဝန်ကြီးလည်း ဖြတ်သန်းခဲ့တဲ့ဘဝတစ်လျှောက်မှာ မြင်ခဲ့၊ ကြားခဲ့၊ သိခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရလုပ်နေတဲ့လုပ်ငန်းကို သက်ဆိုင်ရာပြည်သူတွေက ဝိုင်းကူတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒီလိုဝိုင်းကူတဲ့နေရာမှာလည်း မူလစီမံချက်အရတော့ မီးလင်းရေးကော်မတီဆိုတဲ့ပုံစံနဲ့အညီ ဒီမီးရရှိမယ့် ကျေးရွာအသီးသီးမှာရှိတဲ့ ကျေးရွာသူကျေးရွာသားတွေက ကုန်ကျမယ့် စရိတ်ကို စုပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီကျေးရွာအုပ်စုဟာ စုပေါင်းထည့်ဝင်ငွေကို စောင့်မနေတော့ဘဲနဲ့ လျင်လျင်မြန်မြန် ပြီးပြတ်အောင် ချေးငွေနဲ့ သူတို့ဆောင်ရွက်လိုက်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၁၅ ခုနှစ် အစိုးရအလွှဲအပြောင်းဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ခုန လျှပ်စစ်မီး နိုင်ငံတော်အစိုးရက အလကားပေးတော့မယ်ဆိုတဲ့ သတင်းတွေထွက်လာပြီးတဲ့နောက်ပိုင်း အဲဒီ မီးလင်းရေးကော်မတီမှာပါနေတဲ့ကျေးရွာတွေဟာ ဒီ ထည့်ဝင်ရမယ့် ထည့်ဝင်ငွေကို မထည့်တော့ပါဘူး။ ဒီလိုဖြစ်တဲ့အတွက်၊ ငွေမရတဲ့အတွက် လုပ်ငန်းအပ်နှံတဲ့ကုမ္ပဏီကို ငွေကြေးမပေးချေနိုင်ရခြင်း ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ကော်မတီနဲ့ကုမ္ပဏီရဲ့ကြားထဲမှာ ငွေကြေးအရှုပ်အရှင်းဖြစ်တာ မဟုတ်ပါဘူး။ ပြည်သူလူထုက သူတို့လုံလဝီရိယနဲ့ သူတို့ငွေကြေးချွေးနဲစာနဲ့ စောင့်နေတဲ့ကာလ၊ စောင့်နေတဲ့အချိန်မှာ ဒီလိုအခြေအနေဖြစ်ပေါ်လာတဲ့၊ သတင်းထွက်လာတဲ့အတွက် ထည့်ဝင်မှုရပ်ဆိုင်းသွားပြီးတော့ လုပ်ထားတဲ့ကော်မတီမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေတာကို အစိုးရတစ်ရပ်အနေနဲ့ လက်ပိုက်ကြည့်မနေသင့်ဘူး။ ဝိုင်းဝန်းဖြေရှင်းပေးသင့်တယ်လို့ယူဆလို့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ တချို့တိုင်းဒေသကြီးတွေမှာလည်း အခုလို တိုင်းဒေသကြီးအစိုးရကနေပြီးတော့ တည်ဆောက်

နေဆဲလိုင်းကို နိုင်ငံတော်အစိုးရလိုင်းအဖြစ် ခွင့်ပြုချပေးလိုက်တဲ့အတွက် အထိုက်အလျောက် သူတို့ ထည့်ဝင်ကုန်ကျထားတဲ့ငွေကြေးတွေ ပြန်လည်ရရှိပြီးတော့ ကျေးလက်လည်းမီးလင်း၊ ကော်မတီက ပေးဆပ်ရမယ့်ငွေကြေးတွေလည်း အဆင်ပြေသွားတာ ကျွန်တော်ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုမျိုး စေတနာသဒ္ဒါအပြည့်အဝနဲ့ ကြည့်ရှုစောင့်ရှောက်ပေးနိုင်မလားလို့ ဒီမေးခွန်းကို မေးမြန်း ရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ၃၃ ကေဗွီ ဓာတ်အားလိုင်းဆိုတာ နိုင်ငံတော်အစိုးရက ဆောင်ရွက် ပေးရတဲ့လိုင်းပါ။ ဒါကြောင့်မို့လို့ ကျွန်တော် ဆက်စပ်မေးခွန်းမေးမြန်းလိုတာကတော့ ဒီလိုင်းဟာ မီးမပေးရသေးပါဘူး။ လုပ်နေတာဟာ ကော်မတီကလုပ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုင်းလုပ်ပေး ဖို့က နိုင်ငံတော်အစိုးရမှာတာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် ပြည်ထောင်စုအစိုးရအနေနဲ့ ပျော်ဘွယ်ကနေ ရွှေညောင်ဖူး/ကျောက်ချပ်အထိ ၃၃ ကေဗွီဓာတ်အားလိုင်းကို ဘတ်ဂျက်မှာ ထည့်သွင်းပြီးတော့ ချပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါဟာလည်း ဘာကြောင့်လဲဆိုတော့ လှိုင်းတက်ကနေပြီးတော့ ပျော်ဘွယ်ကို အဲဒီဓာတ်အားခွဲရုံကိုသွင်းပြီးတော့ ပျော်ဘွယ်ကို ၃၃ ကေဗွီဓာတ်အားလိုင်း ပေးမယ်ဆိုတဲ့စီမံချက်ရှိလို့ ကျွန်တော် ဒီမေးခွန်းကိုမေးတာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်လိုင်းဖြစ်နေတာဖြစ်တဲ့အတွက် ကိုယ့်အားကိုယ်ကိုးလိုင်းကို ခုန မီးလင်းရေးကော်မတီက လွှဲပြောင်းပေးသော်လည်းပဲ ဒီကိစ္စအဆင်မပြေနိုင်တဲ့အတွက် ထပ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကနဦးဖြေကြားချက် မှာ ပါရှိသွားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနများဟာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရပါတယ်။ စာရင်းစစ်ဆေးခြင်းကို ခံယူရပါတယ်။ ဒီ့အတွက်ကြောင့် ဝန်ကြီးဌာနက နေပြီးတော့ ပုဂ္ဂလိကအဖွဲ့အစည်းတွေရဲ့ အကြွေးတွေကို ဘတ်ဂျက်ထဲကနေ ထည့်ပြီးတော့ ပေးဆပ်ဖို့ ဆိုတဲ့ကိစ္စရပ်ဟာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ လုံးဝကိုက်ညီခြင်းမရှိတဲ့အတွက်ကြောင့် မြေပြင်မှာ ဖြစ်ပေါ်နေတဲ့ အခက်အခဲတစ်ရပ်ကို ဖြေရှင်းပေးနိုင်ဖို့အလို့ငှာ သနားကြင်နာခြင်းဆိုတဲ့ စိတ်ဓာတ် တစ်ခုနဲ့ ဆောင်ရွက်လိုက်လို့ရှိရင် ဝန်ကြီးဌာနမှာ မြောက်မြားစွာသော စာရင်းစစ်ကန့်ကွက်ချက်တွေ၊ ပြဿနာရပ်တွေကို ဖြေရှင်းရမှာဖြစ်ပါတယ်။ ဒီ့အပြင် အလားတူဒီလိုကိစ္စရပ်ဟာ စီရင်ထုံး၊ ဖြတ်ထုံး များကဲ့သို့ ဖြစ်လာပြီးတော့ တစ်နိုင်ငံလုံးမှာ ဒီလိုဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်အားလုံးကို

အလားတူတင်ပြတောင်းဆိုနေမယ်ဆိုလို့ရှိရင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းကို နှစ်ပေါင်းများစွာ အကြိမ်ကြိမ် ဖောက်ဖျက်ရမယ့်အနေအထားတွေကို ထပ်မံကျရောက်လာနိုင်တဲ့ အခြေအနေများကို လည်းပဲ ဆင်ခြင်သုံးသပ်ဖို့ လိုအပ်တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ပြည်သူတွေ လျှပ်စစ်ဓာတ်အား ရရှိဖို့ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတကာချေးငွေပေါင်းများစွာ ချေးယူပြီးတော့ ယနေ့ လည်းပဲ တင်ပြတောင်းခံပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေ ရှိနေတာဖြစ်ပါတယ်။ သို့သော်လည်း ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းမှာ ပါရှိနေတဲ့ ရွှေညောင်ဖူး ဓာတ်အားလိုင်းကိစ္စနဲ့ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနဲ့ ကိုက်ညီခြင်းမရှိတဲ့ အတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ကနေပြီးတော့ တောင်းခံပြီး စိုက်ထုတ်လျော်ပေးနိုင်စွမ်း မရှိတာဖြစ်ပါကြောင်း ထပ်မံရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ကိုယ်စားလှယ်တော်ကြီးက ဆက်စပ်မေးခွန်းလည်း မေးမြန်းပြီးသား ဖြစ်ပါတယ်။ အဲဒါကို ဘာများ ထပ်မေးချင်ပါသလဲ။ ဘာထပ်ပြောချင်ပါသလဲ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ အပြန်အလှန် အငြင်းပွားဖို့ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်ပြောနေတာကလည်း ဒီပုဂ္ဂလိကကုမ္ပဏီရဲ့အကြွေးကို အစိုးရ ကို ဆပ်ခိုင်းနေတာမဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဟာ အခုနက ၃၃ ကေဗွီအေဓာတ်အားလိုင်းတွေ သူ့မှာ Plan တွေရှိပါတယ်။ အဲဒီတော့ ဒီ Plan တွေကို အတိုင်း ချပေးရင် ရပါတယ်။ ကျွန်တော် ဒီဘက်က အမြင်အရကတော့ အခုနက ပုဂ္ဂလိကအကြွေးကို ဆပ်ခိုင်းတယ်ဆိုတဲ့ စကားလုံး ကျွန်တော်တစ်ခွန်းမှ မသုံးခဲ့ပါဘူး။ ဒီလိုအတွေးမျိုးလည်း ကျွန်တော့် အဆင့်မှာ မရှိခဲ့ပါဘူး။ ကျွန်တော် ဆိုလိုတာက နိုင်ငံတော်အစိုးရရဲ့လုပ်ပိုင်ခွင့်ထဲမှာ ၃၃ ကေဗွီအေ ဓာတ်အားလိုင်းကို ချထားပေးဖို့ တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုင်းကို ပျော်ဘွယ်ကနေ ရွှေညောင်ဖူးကို ၃၃ ကေဗွီဓာတ်အားလိုင်းကို ပုဂ္ဂလိကကလည်း မအပ်ရသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီလိုင်းကို ကျွန်တော်တို့က အစိုးရလိုင်းအနေနဲ့ ချပေးလိုက်ရင်၊ ကျွန်တော်မှတ်မိသလောက် ပဲခူးတိုင်းဒေသကြီးမှာလို့ ထင်ပါတယ်။ အဲဒီလို ချထားပေးတာရှိပါတယ်။ အဲဒီတော့ အဲဒီလိုချထားပေး လိုက်လို့ရှိရင် အတိုင်းအတာအလျောက် စီမံချက်ထဲမှာ ပါသွားရင် ဒီငွေကြေးပမာဏတစ်ခု ရသွား ပါမယ်။ အဲဒီတော့ ချုပ်ဆိုပြီးတဲ့ ကုမ္ပဏီနဲ့ အခုထပ်ပြီးတော့ တိုင်းဒေသကြီးက ချပေးလိုက်လို့ တင်ဒါ

ခေါ်တဲ့ ကုမ္ပဏီနဲ့ညှိနှိုင်းပြီးတော့ ဒီငွေကြေးပြဿနာကို ဖြေရှင်းလိုက်ရင် ဒါဟာ အဆင်ပြေသွားနိုင်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်ရဲ့မေးခွန်းသည် နိုင်ငံတော်အစိုးရကနေပြီးတော့ ပုဂ္ဂလိကအကြွေးကို ဆပ်ခိုင်းနေတာမဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ စီမံကိန်း၊ စီမံချက်အရ ဒီ ၃၃ ဓာတ်အားလိုင်းကို၊ ရွှေညောင်ဖူး-ပျော်ဘွယ်ဓာတ်အားလိုင်းကို နောင်လည်းပဲ လှိုင်းတက်ကနေ ပျော်ဘွယ်အထိ ဒီလိုင်းသုံးမှာဖြစ်တဲ့အတွက် ဒါကို နိုင်ငံတော်အစိုးရ ဘတ်ဂျက်ထဲမှာ ထည့်ပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးရဲ့ပြောဆိုချက်ကိုတော့ ကျွန်တော်ကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါဟာ မေးခွန်းမေးမြန်းတဲ့အချိန်မှာ စည်းကမ်းသတ်မှတ်ချက်တွေ ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးကတော့ အခုပြန်လည်ရှင်းလင်းတဲ့ကိစ္စဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းမှာ ရော ဝန်ကြီးကနေ ထပ်မံဖြေကြားစရာအကြောင်းတော့ မရှိတော့ပါဘူး။

**လစဉ်သုံးစွဲပြီးသော ယူနစ်များကို Digital စနစ်ဖြင့် မီတာမဖတ်နိုင်သေးမီ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်လျှပ်စစ်ဌာနတိုင်း၏ ဝန်ထမ်းလိုအပ်ချက်များကို ပြန်လည်စိစစ်ပြီး ဝန်ထမ်းများ အမြန်ဆုံး ဖြည့်ဆည်းခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ လျှပ်စစ်နဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နမ္မတူမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ နမ္မတူမြို့ရဲ့ ဖွဲ့စည်းပုံစာရင်း ဖြစ်ပါတယ်။ အဲဒီစာရင်းအရ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး မီတာစာရေးဟာ ခွင့်ပြုနှစ်ဦးလို့ ပါရှိသော်လည်း လုံးဝလစ်လပ်လျက်ရှိနေပါတယ်။ တောင်ပေါ်ဒေသအတွက် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး မီတာစာရေးတစ်ဦးဟာ မီတာအလုံးရေ ၇၀၀ ကို ဖတ်ရခြင်း၊ ကတ်ဖြည့်ရခြင်း၊ မီတာဘေလ်ရေးရခြင်း၊ ဘေလ်ဝေရခြင်းနှင့် ငွေကောက်ရခြင်းတို့ကို တာဝန်ယူရမှာ ဖြစ်ပါတယ်။ မီတာ ၃၈၀၄ လုံးရှိတဲ့ နမ္မတူမြို့အတွက် ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူးငါးဦး လိုအပ်နေပါသော်လည်း တစ်ဦးမှ တရားဝင်ခန့်ထားပေးခြင်းမရှိသေးပါဘူး။ တစ်မြို့နယ်လုံးမှာရှိနေတဲ့ မီတာကို ဖတ်ဖို့အတွက် နေ့စားဝန်ထမ်းတစ်ဦးကိုသာ ခန့်ထားနိုင်ပါတယ်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး

(နမ္မတူမြို့)ရဲ့နေ့စားဝန်ထမ်းစာရင်းဖြစ်ပါတယ်။ အဲဒီစာရင်းကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဝန်ထမ်းတချို့ဟာ လုပ်သက်ခြောက်နှစ်ကျော်ခန့်ရှိပြီဖြစ်သော်လည်းပဲ ဘဝအာမခံချက်မရှိဘဲ နေ့စားအဖြစ်သာ လုပ်ကိုင်နေတာကို တွေ့ရှိရပါတယ်။ နေ့စားစတင်ခန့်အပ်တဲ့အချိန်မှာ လျှောက်ထားသူရဲ့အရည်အချင်းဟာ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမယ်။ အဲဒါအပြင် ဌာနက အသုံးမလိုတဲ့အချိန်မှာ ခန့်ထားမှုကို ရပ်ဆိုင်းမှာဖြစ်ကြောင်းနှင့် နေ့စားခန့်အပ်ခြင်းဟာ ဝန်ထမ်းအဖြစ်ခန့်အပ်မှာမဟုတ်ကြောင်းကိုပါ သိရှိကြောင်း သဘောတူလက်မှတ်ထိုးထားရပါတယ်။ တရားဝင်မီတာဖတ်ရက်ကို တစ်လမှာ ငါးရက်လို့သတ်မှတ်ထားပါတယ်။ ရုံးစိုက်ရာမြို့နှင့် ငါးမိုင်အထက် ဝေးကွာတဲ့ဒေသတွေအတွက် မီတာဖတ်ရတဲ့ မီတာစာရေးကို ယာဉ်တွေစီစဉ်ပေးခြင်းမရှိဘဲနဲ့ တစ်လမှာ လောင်စာဆီဖိုး ၂၅၀၀ ကျပ်နှုန်းနဲ့ သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ ၂၀၁၀ ခုနှစ်ကနေ ယခုအထိတိုင် နမ္မတူမြို့နယ်မှာ မီတာဖတ်ဖို့အတွက် ဓာတ်ဆီဖိုးငါးလသာ လက်ခံရရှိခဲ့ဖူးပါတယ်။ အဲဒါကြောင့် မီတာဖတ်စာရေးတွေအတွက် စီးစရာယာဉ်တစ်မျိုးမျိုးစီစဉ်ပေးဖို့နဲ့ ရုံးစိုက်ရာမြို့ရဲ့မိုင်အကွာအဝေးအပေါ်မှာမူတည်ပြီး ကုန်ကျမယ့် လောင်စာဆီတွေကို အပြည့်အဝထောက်ပံ့ပေးဖို့ လိုအပ်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၃၁ မှာ နိုင်ငံတော်ဟာ ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ လျှပ်စစ်ရဲ့မူဝါဒမှာလည်း နိုင်ငံတော်ရဲ့လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်ရန် ဆောင်ရွက်ရေးလို့လည်း ပါရှိထားပါတယ်။ ဝန်ထမ်းအမှန်တကယ်လိုအပ်နေပြီး အတွေ့အကြုံရှိတဲ့ နေ့စားတွေကို တရားဝင်ခန့်ထားမှုမရှိခြင်းဟာ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးနေတာကို တွေ့ရပါတယ်။ နမ္မတူမြို့နယ်သာမက အခြားမြို့နယ်တွေမှာလည်း လျှပ်စစ်နှင့် ပတ်သက်ပြီး ဝန်ထမ်းလစ်လပ်မှုဟာ ဤကဲ့သို့ဖြစ်ရပ်တွေရှိနေတာကို တွေ့ရှိရပါတယ်။ လျှပ်စစ်ဌာနနှင့်ပတ်သက်ပြီး လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေမှာ အရှုံးမရှိသော်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွေမှာ အရှုံးပေါ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံအတွက် အရှုံးပေါ်နေတဲ့ လျှပ်စစ်ဌာနအတွက် ကုစားမှုမပြုနိုင်ခင်ကြားမှာ ဝန်ထမ်းပိုမိုတိုးချဲ့ခန့်ထားခြင်းဖြင့် အမှားအယွင်းတွေကို နည်းနိုင်သမျှနည်းအောင် အကာအကွယ်ပြုနိုင်ပြီး လျှပ်စစ်ကဏ္ဍကို ပြန်လည်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ အဲဒါကြောင့် ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းက လစဉ်သုံးစွဲပြီးတဲ့ ယူနစ်တွေကို Digital စနစ်နဲ့ မီတာမဖတ်နိုင်သေးမီ မြန်မာနိုင်ငံအတွင်း

မှာရှိတဲ့ မြို့နယ်လျှပ်စစ်ဌာနတိုင်းရဲ့ဝန်ထမ်းလိုအပ်ချက်တွေကို ပြန်လည်စိစစ်ပြီး ဝန်ထမ်းများ အမြန်ဆုံးဖြည့်ဆည်းခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ ဝန်ထမ်းခန့်ထားခွင့်မှာ ဖွဲ့စည်းပုံအရ ခွင့်ပြုဟာ ၂၀၀၈၃ ဦး ဖြစ်ပါတယ်။ လက်ရှိထားခန့်ထားပြီး ဦးရေမှာ ၁၀၆၄၆ ဦးဖြစ်တဲ့အတွက်ကြောင့် ၅၀.၁၁ ရာခိုင်နှုန်း ခန့်ထားပြီးဖြစ်ပါတယ်။ ဝန်ထမ်းသစ်ခန့်ထားရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံခွင့်ပြုအင်အား၏သုံးပုံနှစ်ပုံတွင်သာ ခန့်ထားဆောင်ရွက်သွားရန်ဟု ၁၇-၉-၂၀၀၉ ရက်စွဲပါစာအမှတ်၊ ၁/၃၄၈-အုပ်ချုပ်မှု/အဖရ(၂၀၀၉)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ညွှန်ကြားထားတာကို လိုက်နာဆောင်ရွက်နေရတာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ ဦးစီးအရာရှိ(ဘဏ္ဍာ) ခြောက်ဦး၊ အမှုထမ်း ၁၁၀၃ ဦးအား ခန့်အပ်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးထံ တင်ပြခဲ့ဖူးပါတယ်။ လက်ရှိအခြေအနေမှာ အရာထမ်းငါးဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ၃၇ ဦး ခန့်ထားခွင့်ရရှိလို့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ ယခင်က လျှပ်စစ်မရသေးတဲ့မြို့နယ်တွေကို လျှပ်စစ်စနစ်တွေရောက်ရှိအောင် တိုးချဲ့ဆောင်ရွက်သွားရတာ ဖြစ်တဲ့အတွက်ကြောင့် မြို့အသစ်တွေ လျှပ်စစ်ရရှိလာတာနဲ့အမျှ လျှပ်စစ်ရုံးတွေကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်လည်း ထပ်မံလိုအပ်ပါတယ်။ အလားတူပဲ ဓာတ်အားခွဲရုံအသစ်တွေကို နှစ်အလိုက်များစွာ တိုးချဲ့တည်ဆောက်သွားတဲ့အခါမှာ အဆိုပါဓာတ်အားခွဲရုံအသစ်တွေကို ထိန်းသိမ်းမောင်းနှင်နိုင်ရန်အတွက်လည်း ဝန်ထမ်းခန့်ထားခွင့်ဖွဲ့စည်းပုံတွေ ရရှိဖို့လိုအပ်တာဖြစ်ပါတယ်။ ဒီအတွက် လျှပ်စစ်ဖြန့်ဖြူးရေးကဏ္ဍမှာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးခြောက်ရုံးဖွဲ့စည်းခွင့်၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးရှစ်ရုံးဖွဲ့စည်းခွင့်၊ မြို့လျှပ်စစ်မှူးရုံး ခြောက်ရုံး ဖွဲ့စည်းခွင့်၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ၄၆ ရုံးအတွက် ဝန်ထမ်းဖွဲ့စည်းခွင့်၊

၃၃ ကေဗွီဓာတ်အားခွဲရုံ ၁၄၁ ရုံအတွက် ဝန်ထမ်းဖွဲ့စည်းခွင့် ရရှိရန် ဌာနမှာ လိုအပ်ချက်တွေ ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်း၊ ဝန်ထမ်း အသစ်ခန့်ထားခြင်းတို့နှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုအစီရင်ခံစာအပေါ် အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ အဆိုပါ အမိန့် ကြော်ငြာစာတွင်ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန်ဟု ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက ပြန်လည်ညွှန်ကြားထားတဲ့အတွက်ကြောင့် ဝန်ထမ်းခန့်ထားခြင်းနှင့်ပတ်သက်ပြီး အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ရရှိလာလျှင် သတ်မှတ်ချက်များနှင့်အညီ ဌာနက ဝန်ထမ်းတွေကို အမြန်ဆုံး ဖြည့်ဆည်းခန့်ထားရန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ကိစ္စရပ်တွေဟာ အမှန်တရားတွေလည်း ဖြစ်ပါတယ်။ ဒီလိုကိစ္စရပ်တွေဟာ နိုင်ငံတစ်ဝန်းလုံးမှာ ကျွန်တော်တို့တွေ့ကြုံခံစားနေရတာ ဖြစ်ပါတယ်။ ပင်မ ဓာတ်အားခွဲရုံတွေ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံတွေကို တည်ဆောက်လိုက်တယ်ဆိုတာဟာ ဆေးရုံတွေ၊ ကျောင်းတွေ အသစ်တည်ဆောက်လိုက်ပြီးသကဲ့သို့ပါပဲ။ ခွဲရုံတွေ၊ လိုင်းတွေ တည်ဆောက်ရုံနဲ့ ပြည်သူ တွေ လျှပ်စစ်ရရှိတာမဟုတ်ဘဲ အဆိုပါခွဲရုံတွေကို ၂၄ နာရီ၊ ၃၆၅ ရက် ပြုပြင်မောင်းနှင်ဖို့ ဝန်ထမ်းတွေ များစွာ လိုအပ်တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေ လျှပ်စစ်ဓာတ်အားရရှိဖို့ ကြိုးပမ်း အားထုတ်တည်ဆောက်တဲ့အတွက်ကြောင့် ပင်မဓာတ်အားခွဲရုံတွေ၊ ဓာတ်အားခွဲရုံတွေ အများကြီး တိုးချဲ့ပြီးစီးသွားသော်လည်း ယနေ့အထိ ဝန်ထမ်းခန့်ထားခွင့် မရရှိတဲ့အတွက်ကြောင့် ဌာနမှာ ဝန်ထမ်း Shorted များစွာ ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။ ယခု နမ္မတူမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရဲ့ ဖွဲ့စည်းပုံခွင့်ပြုအင်အားအရ အမှုထမ်းခွင့်ပြုရှစ်ဦးမှာ အမြဲတမ်း လေးဦး၊ နေ့စားလေးဦး ခန့်အပ်ထား တာဖြစ်ပါတယ်။ တောင်ပေါ်ဒေသမှာ မီးသုံးသူဦးရေ ၇၀၀ မှာ မီတာဖတ်စာရေးတစ်ဦးနှင့် မြေပြန့် ဒေသမှာ မီးသုံးသူ ၈၀၀ မှာ မီတာဖတ်စာရေးတစ်ဦးနဲ့ ခန့်ထားပေးလျက်ရှိရာမှာ နမ္မတူမြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှာ မီးသုံးသူက ၃၈၀၄ ဦးရှိတဲ့အတွက်ကြောင့် လျှပ်စစ်ကျွမ်းကျင်(၄)တစ်ဦး၊ လျှပ်စစ် ကျွမ်းကျင်(၅)တစ်ဦး၊ နေ့စား(မီတာ)တစ်ဦး၊ နေ့စား(လိုင်း)တစ်ဦး စုစုပေါင်း လေးဦးကို မီတာဖတ် ခြင်း၊ မီတာဘေလ်ဝေခြင်း၊ မီတာမှတ်တမ်းများရေးသွင်းခြင်းတို့ကို တာဝန်ခွဲဝေပြီးတော့ ဆောင်ရွက် နေရတာဖြစ်ပါတယ်။ လက်ရှိမှာ အမြဲတမ်းဝန်ထမ်းခန့်ထားခွင့်တွေမရရှိသေးတဲ့အတွက်ကြောင့်လည်း နေ့စားဝန်ထမ်းတွေကို ခန့်ထားပြီး အစားထိုးတာဝန်ပေးလျက်ရှိနေတာ ဖြစ်ပါတယ်။ နေ့စားတွေကို

အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ရေးနှင့်ပတ်သက်ပြီးတော့ ညွှန်ကြားချက် ရရှိလာတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၁၇ အရ ပြင်ပက လျှောက်ထားသူများအနေနဲ့ မိမိဌာနအတွင်း နေ့စားများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ယှဉ်ပြိုင်စနစ်နဲ့ ဝင်ရောက်ဖြေဆိုပြီး ခန့်အပ်ထားနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဆိုတာလေးလည်း ဖြေကြားအပ်ပါတယ်။ မေးခွန်းထဲမှာပါရှိခဲ့တဲ့ ဆီဖိုးတစ်လ ၂၅၀၀ ကျပ်ဆိုတာ အသုံးအနှုန်းလေး နည်းနည်းလေးတိမ်းစောင်းနေလို့ ကျွန်တော်တင်ပြလိုပါတယ်။ ခရီးစရိတ်အဖြစ်ပေးတဲ့ဟာ ဖြစ်ပါတယ်။ လောင်စာဆီဖိုးရယ်လို့တော့ မဟုတ်ပါဘူး။ ယာဉ်ယန္တရား ပေးဖို့ဆိုတာ ဌာနမှာဘတ်ဂျက်ထည့်ပြီးတော့ ယာဉ်ယန္တရားဝယ်ခွင့်မရှိလို့ ယာဉ်လည်းဝယ်လို့ မရပါဘူး။ ဖမ်းဆီးယာဉ်များကို ခွဲဝေရရှိတဲ့အထဲကနေပြီးတော့မှ တစ်နိုင်ငံလုံးအနှံ့လုပ်ငန်းလိုအပ်ချက်အရ မျှတခွဲဝေသုံးစွဲနေရတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် ယာဉ်ကတော့ ခွဲဝေပေးနိုင်မယ့်အနေအထား မရှိဘူးဆိုတာလေးကိုလည်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါရှင်။ ကျွန်မနမ္မတူမြို့က ၂၀၁၀ ခုနှစ်ကတည်းကနေပြီးတော့ လျှပ်စစ်စတင်သုံးစွဲခဲ့ရပါတယ်။ အခု ၂၀၁၉ ခုနှစ်အထိဆိုလို့ရှိရင် ဝန်ထမ်းတွေကို အမြဲတမ်းဝန်ထမ်းခန့်အပ်ပေးဖို့ဆိုလို့ရှိရင် ဒါဟာ ဖြစ်သင့်တဲ့ အခြေအနေမှာ ရှိနေပါတယ်။ နောက်ပြီးတော့ ဝန်ထမ်းတွေကို ဘာကြောင့်ယာဉ်တစ်မျိုးမျိုးကို ချပေးဖို့ကို ကျွန်မ ဘာလို့တောင်းဆိုသလဲဆိုရင် နမ္မတူကနေပြီးတော့ မိုင် ၃၀ ဝေးတဲ့ကျေးရွာအုပ်စု တွေအထိ ဒီဝန်ထမ်းတွေဟာ ကွင်းဆင်းပြီးတော့ မီတာဖတ်ရပါတယ်။ အဲဒီနေရာမှာ တစ်လနေမှ အဲဒီ ဝန်ထမ်းတွေကို ၂၅၀၀ ကျပ်ပေးတယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အခြေအနေ ဖြစ်နေပါတယ်။ ပြီးတော့ ကျွန်မမေးမယ့်မေးခွန်းက ဝန်ကြီးကနေပြီးတော့ ကျွန်မကို နေ့စားလေးဦးဆိုပြီးတော့ ပြောသွားပါတယ်။ တကယ်တမ်းက နေ့စားလေးဦးမရှိပါဘူး။ ဒီ ဒေါ်သဇင်အေးဆိုတဲ့ နေ့စားက အလုပ်ကနေထွက်သွားပြီး ဖြစ်ပါတယ်။ သူတို့က တရားဝင်အနေနဲ့ အမြဲတမ်းဝန်ထမ်းအနေနဲ့ ခန့်ထားလိုငြားလိုလို အဲဒီလို စောင့်ရင်း၊ စောင့်ရင်းနဲ့ အဲဒီလိုထွက်သွားနေတာတွေ ရှိနေပါတယ်။ အဲဒါကြောင့် အခုဟိုမှာဆိုလို့ ရှိရင် နေ့စားဝန်ထမ်းက သုံးဦးပဲရှိပါကြောင်း၊ ပြီးတော့ နေ့စားဝန်ထမ်းတွေကိုလည်း ဦးစားပေးအနေနဲ့ ခန့်ထားဖို့ ကျွန်မတောင်းဆိုချင်ပါတယ်။ ကျွန်မမေးချင်တဲ့မေးခွန်းက ဒီနေ့စားဝန်ထမ်းက သုံးဦးပဲ

ဖြစ်တယ်ဆိုတာကို ဝန်ကြီးအနေနဲ့ ပြန်လည်ရုပ်သိမ်းပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ နေ့စားလေးဦးဖြစ်နေတယ်။ နေ့စားသုံးဦးဖြစ်နေတယ်ဆိုတာကတော့ မေးခွန်းလာရောက်ဖြေဆိုတဲ့နေ့ နောက်ဆုံးအခြေအနေမှာ အတိမ်းအစောင်းရှိနိုင်ပါတယ်။ နေ့စားဝန်ထမ်းတွေဟာ သူတို့ရဲ့စိတ်ဆန္ဒအလျောက်အလုပ်ကို လာမဆင်းတော့ဘူးဆိုရင် ယခုကဲ့သို့ လျော့ပါးသွားနိုင်ပါတယ်။ ဒါကြောင့် လေးဦး၊ သုံးဦးမှာတော့ ကိုယ်စားလှယ်ကြီးပြောတဲ့သုံးဦးဆိုတာလည်း ပိုမိုမှန်ကန်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ မေးခွန်းစတင်မေးတဲ့အချိန်မှာ ပြုစုထားတဲ့အချက်အလက်အရ ထိုစဉ်ကာလက လေးဦးဖြစ်ပါတယ်။ ယခုဖြေဆိုတဲ့အချိန်မှာတော့ မြေပြင်မှာ သုံးဦးဖြစ်နေနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အထူးအငြင်းပွားစရာမရှိပါဘူးခင်ဗျား။ ကျွန်တော်မေးခွန်းမှာ ပထမဖြေကြားခဲ့သလိုပါပဲ ဒီလိုအခက်အခဲတွေကို ကိုယ်စားလှယ်ကြီးတွေ ပြေလည်စေချင်သလို ကျွန်တော်တို့အနေနဲ့ ပိုပြီးပြေလည်ချင်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မိမိတာဝန်ယူဆောင်ရွက်ရတဲ့ လုပ်ငန်းဟာ ပစ္စည်းအရောင်းအဝယ်သဘောမျိုးဆန်သည့်တိုင်အောင် ဝန်ဆောင်မှုဆိုတဲ့ Service ပေးခြင်းလုပ်ငန်းပါဝင်နေတာ ဖြစ်ပါတယ်။ ဒီလို Service ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ ဝန်ထမ်းမရှိဘဲ ကျွန်တော်တို့ Service ပေးလို့မရပါဘူး။ ဒီအတွက် ပြည်သူ့လွှတ်တော်မှာသော်လည်းကောင်း၊ အမျိုးသားလွှတ်တော်မှာသော်လည်းကောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်ပေးနိုင်ဖို့ ဝန်ထမ်းခန့်ထားခွင့်ကိုပါ များစွာလိုအပ်နေတယ်ဆိုတာကိုလည်း ကျွန်တော်ဆွေးနွေးခဲ့ဖူးပါတယ်။ ဒီအတွက် ဒီနေ့စားဝန်ထမ်းတွေကို ဝန်ထမ်းအဖြစ် ခန့်ထားခွင့် ရရှိလာတဲ့အချိန်မှာ အမြန်ဆုံးခန့်ထားဖို့ စီစဉ်ဆောင်ရွက်ပေးသွားမယ်ဆိုတာလည်း ထပ်မံဖြေဆိုအပ်ပါတယ်။ လက်ရှိလုပ်ကိုင်နေတဲ့နေ့စားဝန်ထမ်းတွေကို ဦးစားပေးခန့်ထားပေးပါဆိုတဲ့နေရာမှာ ခြွင်းချက်လေးတွေအချို့ရှိပါတယ်။ အဲဒါကတော့ အလုပ်တကယ်ခန့်တော့မယ့်အချိန်မှာ အသက် ဘယ်နှနှစ်ထက်မကြီးရဆိုတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ကျွန်တော်တို့လိုက်နာရပါတယ်။ ဒီအခါမှာ ဘောင်ထဲမှာဝင်နေတဲ့ နေ့စားဝန်ထမ်းတွေကို မိမိတို့ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးခန့်ထားပေးမယ်ဆိုတာလည်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**နည်းပညာနှင့် အာမခံချက်ပေးသည့် စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာဖြစ်ပြီး ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ နည်းပညာနှင့်အာမခံချက်ပေးတဲ့ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းများ ဖွံ့ဖြိုးမှုနည်းပါးနေသေးသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကြောင်းကျိုးဖော်ပြချက်အနေနဲ့ကတော့ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထားတဲ့ နိုင်ငံဖြစ်ပေမဲ့ ဒေသတွင်းနိုင်ငံတွေကြားမှာ လယ်ယာစိုက်ပျိုးရေး ကိရိယာသုံးစွဲမှု နည်းပညာနှင့်ကျွမ်းကျင်ဝန်ထမ်းရှားပါးမှုတွေကြောင့် လယ်ယာကဏ္ဍမှာ အားအနည်းဆုံးနိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးသုံးစွဲမှု နည်းစနစ်မမှန်ကန်တဲ့အတွက် သီးနှံအရည်အသွေးကျဆင်းမှုဟာ တောင်သူလယ်သမားများအတွက်သာမက နိုင်ငံ့အတွက် ပို့ကုန်တန်ဖိုးကျဆင်းရတဲ့အတွက် နိုင်ငံရဲ့စီးပွားရေးကိုလည်း ထိခိုက်နစ်နာစေပါတယ်။ ပြည်ပကို သီးနှံပို့ကုန်တွေ အရည်အသွေးနိုင်ငံတကာမှာ ပြန်လည်ဦးမော့လာနိုင်မယ့် မေးခွန်းလည်းဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ မြေဆီထိန်းသိမ်းမှုနည်းစနစ်မရှိတဲ့အတွက် နောင်အနာဂတ်မြန်မာနိုင်ငံအတွက်၊ နောင်လာနောက်သားတွေအတွက် မြေဆီဩဇာဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီအချင်းအရာတွေကာကွယ်စေနိုင်ဖို့ စိုက်ပျိုးနည်းပညာဖြန့်ဝေနိုင်မယ့် လူသားအရင်းအမြစ်နဲ့ ဒီပညာတွေကို သင်ပေးနိုင်မယ့် သင်တန်းကျောင်းတွေ အများကြီးလိုအပ်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လက်ရှိမိမိတို့နိုင်ငံမှာ ပညာရေးမပြီးဆုံးခင် စားဝတ်နေရေးကြောင့် လုပ်ငန်းခွင်ဝင်ရတဲ့ လူငယ်တွေရှိသလို ပညာရေးပြီးဆုံး

ပေမယ့်လည်း လုပ်သားအင်အားရှားပါးမှုကြောင့် နိုင်ငံတကာထွက်နေပြီးတော့ အိမ်နီးချင်းနိုင်ငံများကို တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ သွားရောက်အလုပ်လုပ်ကိုင်နေရတဲ့အတွက် လုပ်သားအင်အား ဆုံးရှုံးမှုတွေဖြစ်နေပါတယ်။ ဆုံးရှုံးနေရတဲ့လုပ်သားအင်အားကို လူသားအရင်းအမြစ်အဖြစ် ဖြစ်စေရန် ကျွမ်းကျင်မှု၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဖြည့်ဆည်းပေးရန်လိုအပ်နေပါတယ်။ အခုအချိန်မှာ လက်တွေ့အသုံးချ စက်မှုသင်တန်းကျောင်း (အောင်ဆန်း)ကိုလည်း စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ ပါတယ်။ အခုကျွန်မမေးခွန်းမှာပါတဲ့ စိုက်ပျိုးရေးနဲ့ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းဟာ ဂျပန်နိုင်ငံမှာ ရှိတဲ့ အစိုးရမဟုတ်တဲ့ OISCA International အဖွဲ့အစည်းနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ၁၉၉၆ ခုနှစ်ထဲက မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်မှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ကျေးလက်နေ လူငယ်တွေအတွက် ကောင်းမွန်တဲ့ရည်ရွယ်ချက်(၄)ရပ်နဲ့ ဖွင့်လှစ်ခဲ့တာဖြစ်ပြီး သင်တန်းကာလကို တစ်နှစ်သတ်မှတ်ခဲ့ပါတယ်။ သင်တန်းသားတွေကို အရည်အချင်းကန့်သတ်တဲ့နေရာမှာ ပထမအချက် အနေနဲ့ ဒေသတွင်းတောင်သူလယ်သမားများ၏ သားသမီးများဖြစ်ရမည်ဖြစ်ပြီး လက်ရှိ လယ်ယာ လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ရမယ်လို့ ဆိုတဲ့အချက်ဟာ အထက်မှာတင်ပြခဲ့သလို လယ်ယာကဏ္ဍ အတွက်လိုအပ်နေတဲ့ နည်းပညာနှင့်ကျွမ်းကျင်မှုရရှိနိုင်တဲ့ နည်းလမ်းကောင်းဖြစ်ပါတယ်။ တစ်နှစ်ကို သင်တန်းသား ၂၀ ဦးကိုလက်ခံပြီး စာတွေ့ထက် လက်တွေ့ကိုဦးစားပေးတဲ့အတွက် ထိရောက်တဲ့ သင်ကြားမှုနည်းစနစ်လည်း ဖြစ်ပါတယ်။ သင်တန်းကျောင်းစတင်တည်ထောင်ခဲ့တဲ့ နှစ် ၂၀ အတွင်း သင်တန်းသူသင်တန်းသား ၃၇၇ ဦးကို မွေးထုတ်နိုင်ခဲ့ပြီး ထိုထဲက ထူးချွန်ကျောင်းသား ၁၀၆ ဦးကို ဂျပန်နိုင်ငံ OISCA သင်တန်းကျောင်းကို ပညာတော်သင်စေလွှတ်ခဲ့ပြီး ပညာတော်သင်ပြန်လာတဲ့သူ တွေကို သင်တန်းကျောင်းမှာ အလုပ်ပြန်ခန့်၊ အခြားစိုက်ပျိုးရေးကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်ခြင်း တွေလည်း ရှိနေပါတယ်။ ငွေအရင်းအနှီးလိုအပ်တဲ့သူတွေကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး အတွက် ၁.၅ ရာခိုင်နှုန်းအတိုးနှုန်းနှင့် ရေစကြိုမြို့နယ် ကျေးရွာ ၃၀ မှာ ထုတ်ချေးခဲ့တာကိုလည်း သိရှိရပါတယ်။ ဂျပန်နည်းပညာနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အောင်မြင်တယ်လို့လည်း သတင်းစာ မှာ ကျွန်မတို့ဖတ်ခဲ့ရပါတယ်။ ဒါ့ကြောင့် ကျေးလက်နေလူငယ်များ နည်းပညာနှင့် ဘဝအာမခံချက်ရှိတဲ့ OISCA သင်တန်းကျောင်းဟာ စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို သင်ကြားပေးမယ့် အလားတူသင်တန်းကျောင်းမျိုးကို စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးနေရပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် ရွှေ့ပြောင်းအလုပ်သမားတွေများပြားတဲ့ ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး

တွေမှာ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုတဲ့အတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအနေနဲ့ ကျေးလက်နေလူငယ်တွေ နည်းပညာနှင့်အာမခံချက်ပေးတဲ့ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ဖွံ့ဖြိုးမှုနည်းပါးတဲ့ ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းထားပါတယ်။ ယင်းမေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ရှင်းလင်းဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့အခြေခံစီးပွားရေးဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွေမှာ အချိန်တိုအတွင်း လုပ်ငန်းခွင်ဝင်နိုင်စေမယ့် စိုက်ပျိုးရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တွေကို အလယ်အလတ်အဆင့်စိုက်ပျိုးရေးပညာရှင်တွေနဲ့ ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ပြီးတော့ နိုင်ငံနှင့်အဝန်းမှာ စိုက်ပျိုးရေးသိပ္ပံကျောင်းတွေကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီကျောင်းတွေက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ ကျေးရွာနေလူငယ်တွေရဲ့ နည်းပညာအာမခံချက်ပေးမယ့် စိုက်ပျိုးရေးနဲ့ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ထားတဲ့ သင်တန်းကျောင်းများအသွင်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ယခုအချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၄ ကျောင်းဖွင့်လှစ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့အတွက် ဟုမ္မလင်းမြို့နယ်မှာ ယခု ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ဖို့အတွက် စိုက်ပျိုးရေးသိပ္ပံကျောင်းသစ်တစ်ခုလည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်နေပါ

တယ်။ ယနေ့အထိ စိုက်ပျိုးရေးသိပွဲများကနေ အလယ်အလတ်အဆင့် ကျွမ်းကျင်စိုက်ပျိုးရေး လူ့စွမ်းအားအရင်းအမြစ်တွေ အားလုံးပေါင်း ၂၁၃၅၉ ဦး မွေးထုတ်လေ့ကျင့်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

တစ်ဖက်မှာလည်းပဲ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်းပဲ စိုက်ပျိုးရေးနည်းပညာတွေ တိုးတက်သိမြင်အသုံးချလာနိုင်ဖို့ တောင်သူပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်တွေမှာ တောင်သူပညာပေးစခန်း(Knowledge Center)တွေဖွင့်လှစ်ပြီး တောင်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်ရန်လည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ Farmer Field School ကဲ့သို့သော တောင်သူများလက်တွေ့လေ့လာနိုင်တဲ့ ကွင်းသရုပ်ပြပွဲများကိုလည်းပဲ သီးနှံအလိုက်၊ ဒေသအလိုက်၊ ရာသီအလိုက် တတ်နိုင်သလောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျေးလက်နေလူငယ်များ စိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေ သင်ကြားလေ့လာနိုင်ဖို့အတွက် နိုင်ငံတော်အပိုင်းသာမက နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ယခုဆိုရင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့်ပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ထုံးဘိုမှာရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းနှင့် နေပြည်တော်၊ ရေဆင်းမှာ ကိုရီးယားသမ္မတနိုင်ငံရဲ့ အထောက်အပံ့နဲ့ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆေးမားလ်အူအွန်ဒုံးသင်တန်းကျောင်း)ကြီးကိုလည်းပဲ တည်ထောင်ထားပြီးဖြစ်ပါတယ်။ ယင်းသင်တန်းကျောင်းကနေ စိုက်ပျိုးရေးနည်းပညာများကို ကျေးရွာလူငယ်များမှ ခေါင်းဆောင်များကို ခေါ်ယူရွေးချယ်ပြီး သင်တန်းများပေးပြီး ဆက်လက်ပွားများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ ဥပမာပြုထောက်ပြထားတဲ့ OISCA သင်တန်းကျောင်းနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ဂျပန်နိုင်ငံ OISCA International ရဲ့ အထောက်အပံ့နဲ့ ရာသီဥတုပူပြင်းခြောက်သွေ့မှုနဲ့အညီ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဆောင်ရွက်ဖို့ခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေမှုကိုအခြေခံထားတဲ့အလျောက် ထိုစဉ်က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးဒေသမှာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းစီမံကိန်းကို ၁၉၉၇ ခုနှစ်မှာ ရည်ရွယ်ချက်(၅)ရပ်နဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နှစ်စဉ် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးက ကျေးလက်နေ

မျိုးဆက်သစ်တိုင်းရင်းသားလူငယ်မောင်မယ် ၂၀ ဦးကို သတ်မှတ်အရည်အချင်းနှင့် ရွေးချယ်ခေါ်ယူပြီး မေလမှမတ်လအထိ (၁၁)လတာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ တောင်သူလယ်သမား တွေရဲ့သားသမီးဖြစ်ပြီး လက်ရှိလယ်ယာလုပ်ငန်းလုပ်ကိုင်နေသူ၊ အသက်အပိုင်းအခြားအားဖြင့်လည်း အသက် ၁၈ နှစ်မှ ၂၆ နှစ်အတွင်း ကျန်းမာသန်စွမ်းသူ၊ ပညာအရည်အချင်း အနည်းဆုံး တက္ကသိုလ် ဝင်ခွင့်ဖြေဆိုပြီးသူများ တက်ရောက်နိုင်ပြီးတော့ သင်တန်းအောင်မြင်ပြီးရင် နားလည်တတ်ကျွမ်းတဲ့ ပညာရပ်တွေကို မိမိဒေသတွေမှာ ပြန်လည်လက်ဆင့်ကမ်း ဝေမျှပေးနိုင်ရေး ရည်ရွယ်ချက်နဲ့ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုဆိုရင် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းလုပ်ငန်းဟာ ကျယ်ပြန့်လာတဲ့အလျောက် တင်ပြပါ OISCA International ရဲ့ အထောက်အပံ့နဲ့ မန္တလေး တိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးမှာ စိုက်ပျိုးရေးနှင့်ခေါင်းဆောင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းစီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်ကနေ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တစ်ကြိမ် သက်တမ်းတိုးစနစ်နဲ့ (၁၀)နှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ ယခု ဒုတိယမြောက် OISCA သင်တန်းတစ်ခု အသစ်တိုးချဲ့ဖွင့်လှစ်မှုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလကစပြီး ဇူလိုင်လမှ မတ်လအထိ ကိုးလသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဖွင့်လှစ်သင်ကြားလျက်ရှိတဲ့ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွေဟာ ဒေသတစ်ခုအတွက်သာမဟုတ် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမား များအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအားလုံးအတွက် နည်းပညာပေးသင်ကြားနိုင်ဖို့ ရည်ရွယ်ဖွင့်လှစ်ထားရှိခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ အသစ် ဖွင့်လှစ်နိုင်ဖို့ ဝန်ထမ်းဖွဲ့စည်းပုံ၊ အဆောက်အဦ၊ ပရိဘောဂ၊ သင်ကြားရေးဆိုင်ရာပစ္စည်း ကိရိယာများစတဲ့ လိုအပ်ချက်များစွာရှိတဲ့အပေါ် မိမိတို့နိုင်ငံတော်မှ ဘတ်ဂျက်ရန်ပုံငွေနဲ့ လိုအပ်ချက် များ တိုးတက်ဖြည့်ဆည်းပေးနိုင်မှုနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများရဲ့ အထောက်အပံ့နဲ့ ပူးပေါင်းဆောင်ရွက်လာနိုင်မှုရှိလာတာနဲ့အမျှ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ တိုးတက်ဖွင့်လှစ်

ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စပါး(၁)တင်းကို အနိမ့်ဆုံးဈေး (၅၀၀၀) ကျပ်နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူတောင်သူလယ်သမားများပါ တွက်ခြေကိုက်သော စပါးဈေးနှုန်းတစ်ရပ်ဖြစ်ပေါ်ရေးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးဖြစ်ပါတယ်။ စပါး(၁) တင်း ကို အနိမ့်ဆုံးဈေး (၅၀၀၀) ကျပ်နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲနဲ့ ထုတ်လုပ်တဲ့တောင်သူလယ်သမားများပါ တွက်ခြေကိုက်တဲ့ စပါးဈေးနှုန်းတစ်ရပ်ဖြစ်ပေါ်ရေးကို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ညွှန်ကြားမှုနှင့် ၂၀၁၈ ခုနှစ် မိုးစပါးနှင့် နွေစပါးပေါ်ချိန်များမှာ ရောင်းဖို့၊ ဝယ်ဖို့အခြေခံစပါးဈေးနှုန်းကို မြန်မာနိုင်ငံဆန်းစပါးအသင်းချုပ်က ၆-၃-၂၀၁၈ ရက်စွဲနဲ့ကြေညာချက်ထုတ်ပြန်ခဲ့ရာမှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ အသင်းဝင်ဆန်စက်များ၊ ဆန်စပါးကုန်သည်များ၊ အကျိုးဆောင်များနှင့် ပုဂ္ဂလိကကုမ္ပဏီများဟာ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီတဲ့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင်ကျပ်ငါးသိန်းဈေးကို အခြေခံထားပြီးတော့ ဝယ်ယူဖို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဈေးကွက်ပေါက်ဈေးဟာ အခြေခံဈေးနှုန်းထက်ကျော်နေရင်တော့ ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူဖို့ဖြစ်ပြီးတော့ နိမ့်နေရင်သာ ငါးသိန်းအထိ မြှင့်ပေးဝယ်ဖို့ဖြစ်ပါတယ်။ အခြေခံဈေးနှုန်းသတ်မှတ်ပေးခြင်းကိုလည်း တောင်သူလယ်သမားများရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်၊ ဈေးနှုန်း၊ နိုင်ငံတကာဈေးနှုန်းစတဲ့ အခြေအနေများအပေါ်မှာ မျက်ခြေမပြတ် လေ့လာသုံးသပ်ပြီးတော့ သက်ဆိုင်ရာ မိုးရာသီတိုင်းအတွက် ဖြစ်သင့်တဲ့အခြေခံဈေးနှုန်းကို ရာသီအလိုက်ထုတ်ပြန်ပြီး ပေးသွားမယ်လို့လည်း ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ယခုနှစ် စပါးပေါ်ရာသီမှာလည်း ယခင်နှစ်အတိုင်းပဲ အခြေခံဈေးနှုန်းကို စပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်းနှုန်း ၄၆ ပေါင်ခန့်နှင့် ဝယ်ယူရန်ကြေညာချက် ထုတ်ပြန်ဝယ်ယူနိုင်တယ်လို့ သိရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာမှာတော့ အသုံးပြုတဲ့ စက်သုံးဆီ၊ ဓာတ်မြေဩဇာနှင့် လုပ်သားစရိတ်တွေကတော့ ယခင်နှစ်အတိုင်း မဟုတ်တော့ဘဲ သိသိသာသာတိုးမြင့်လာတဲ့အတွက် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်တွေဟာ ယခင်နှစ်ကထက်များစွာကြီးမြင့်လာခဲ့ပါတယ်။ Power Point သုံးခွင့်ပြုပါ။ နွေစပါးတစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကို ဖော်ပြထားတာဖြစ်ပါတယ်။ ထွန်ယက်တာကနေ စိုက်ပျိုးရိတ်သိမ်းပြီးတဲ့အထိ ကုန်ကျစရိတ်ဟာ ၂၉၁၅၀၀ ကျပ်ဖြစ်ပါတယ်။ ဒါဟာကျဲခင်းတစ်ဧက ကုန်ကျစရိတ်ပဲ ဖြစ်ပါတယ်။ စိုက်ခင်းဆိုလို့ရှိရင် ပျိုးနုတ်ခ၊ ကောက်စိုက်ခထပ်ဖြည့်ပေါင်းရမှာဖြစ်ပါတယ်။ မိုးစပါးဆိုရင်တော့ ရေသွင်းခကိုပြန်နုတ်ရပါမယ်။ ဒေသအလိုက် စရိတ်အနည်းငယ်ကွာခြားနိုင်ပြီးတော့ ပျမ်းမျှတွက်လို့ရှိရင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုစရိတ်ဟာ နှစ်သိန်းမှသုံးသိန်းအထိ ဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားများရောင်းချရတဲ့အခြေအနေကို လေ့လာကြည့်တဲ့အခါမှာ တင်း ၁၀၀ ရဲ့အနိမ့်ဆုံးဈေးဟာ အချို့ဒေသတွေမှာ ၄၈၀၀၀၀ မှ ၅၀၀၀၀၀။ နည်းနည်းစပါးပိုကောင်းရင် ၅၁၀၀၀၀၊ ၅၂၀၀၀၀ ရရှိတယ်လို့ သိရပါတယ်။ ဖော်ပြပါသတ်မှတ်ဈေးတင်း ၁၀၀ ကို ကျပ်ငါးသိန်းနှင့်ရောင်းရရင်တောင် တောင်သူလယ်သမားများဟာ အရင်းကြေဖို့လို့ တင်း ၅၀၊ ၆၀ ထွက်ရန်လိုအပ်ပါတယ်။ စပါးဈေးတစ်ဧကအထွက်နှုန်းဟာ တင်း ၁၀၀ ပတ်ဝန်းကျင်၊ နွေစပါးတစ်ဧက အထွက်နှုန်းဟာ တင်း ၁၀၀ ပတ်ဝန်းကျင်ရှိနိုင်သော်လည်း လုပ်ကွက်ငယ်တောင်သူလယ်သမားအများစုရဲ့ မိုးစပါးထွက်နှုန်းကတော့ တစ်ဧကကို တင်း ၅၀၊ ၆၀ ထွက်ဖို့ဆိုတာ အတော်ကောင်းမှ ရေတော်မိုးတော်ဖြစ်မှ ရတာပါ။ ယခုစပါးပေါက်ဈေးနဲ့ဆိုလို့ရှိရင် တောင်သူလယ်သမားများဟာ နလန်မထူနိုင်တော့ဘဲနဲ့ အကြွေးသံသရာကနေပြီးတော့လည်းနေအုံးမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ ကျေးလက်နေပြည်သူတွေ၊ တောင်သူလယ်သမားတွေအဆင်ပြေမှ စီးပွားတိုးတက်မှ တိုင်းပြည်စီးပွားတိုးတက်မှာဖြစ်ပါတယ်။ ဒါကြောင့် စပါးဈေးနှုန်းဟာ သင့်တင့်တဲ့ဈေးနှုန်းဖြစ်နေဖို့ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သင့်တင့်တဲ့ အကျိုးအမြတ်နဲ့ ပြည်တွင်းဈေးကွက်မှာ စားသုံးသူပြည်သူတွေလည်း ဝန်မဖြစ်တဲ့ဈေးနှုန်းတစ်ရပ်ကို ပြန်လည်တွက်ချက်သတ်မှတ်သင့်သည်ဖြစ်ပါကြောင်း အလေးအနက်တင်ပြရင်း ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဖြေကြားပေးပါ။

**မူကြမ်း**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ စပါး(၁)တင်းကို အနိမ့်ဆုံးဈေး (၅၀၀၀) ကျပ်နှုန်းအစား စားသုံးသူ ပြည်သူလူထုတစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူတောင်သူလယ်သမားများပါ တွက်ခြေကိုက်တဲ့ စပါးဈေးနှုန်းတစ်ရပ် ဖြစ်ပေါ်ရေးစီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနမှ ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်တဲ့ ကျေးလက်ဒေသနေ ပြည်သူအများစုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အခြေခံအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဆက်နွယ်မှီခိုနေထိုင်ကြရတာ ဖြစ်ပါတယ်။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍမှာ ဆန်စပါးဟာ အဓိကသီးနှံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက စားသုံးသီးနှံဖြစ်သော လယ်ယာထွက်ကုန်တွေအနေနဲ့ အထဲမှာမှ ပြည်ပတင်ပို့မှုမှာ နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိတဲ့ အဓိကသီးနှံပဲဖြစ်ပါတယ်။ မြန်မာ့ဆန်ဟာ နိုင်ငံ့ စီးပွားရေးအတွက်ရော၊ အမျိုးသားရေးဂုဏ်သိက္ခာအပိုင်းအတွက်ပါ အရေးကြီးတဲ့ ထုတ်ကုန်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံအဝန်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ နည်းပညာ၊ မျိုး၊ အပ့ံအပိုး တွေနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုစရိတ်အတွက် စိုက်စရိတ်ချေးငွေအပိုင်းကိုလည်းပဲ မိမိရဲ့ဘဏ္ဍာ ငွေကြေးအင်အားအပေါ်အခြေခံပြီး တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းဆန်စားသုံးသူ ပြည်သူများအတွက်လည်း ထိုက်သင့်တဲ့ ဈေးနှုန်းဖြစ်ပြီး။ ဈေးနှုန်းမြင့်မားမှုမရှိစေဖို့ ထိန်းကျောင်းရန်ဖြစ်သလို၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားများအတွက်လည်းပဲ ဆန်စပါးစိုက်ပျိုးမှုမှာ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိရုံမက အမြတ်အစွန်းရရှိစွာ ရပ်တည်နေနိုင်တဲ့ အခြေခံစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်စေဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီအခြေခံအချက်မှာ ဈေးနှုန်းအပိုင်းဟာ အာမခံချက်ရရှိစွာ စိုက်ပျိုးနိုင်ရေးဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဈေးနှုန်းသတ်မှတ်ပေးဖို့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့ နေပြည်တော် MICC-II မှာ ကျင်းပပြုလုပ်တဲ့ မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲမှာ စပါး စိုက်တောင်သူတွေရဲ့ အကျိုးစီးပွားမြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို

တစ်တင်းကို (၅၀၀၀)ကျပ်ဈေးနှုန်းနှင့် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်ပါတယ်။ စပါးအမျိုးအစားနှင့် အရည်အသွေးပေါ် မူတည်ပြီး ဈေးနှုန်းဟာ အပြောင်းအလဲရှိနိုင်သော်လည်းပဲ စပါးအများဆုံးစိုက်ပျိုး ထုတ်လုပ်ထွက်ရှိတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတွေမှာ အခြေခံဈေးနှုန်းထက်မြင့်တဲ့ ဈေးနှင့်လည်း ရောင်းဝယ်မှုများ တွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအခြေခံစပါးဈေးနှုန်းကို ဈေးကွက်အနေအထား ပြောင်းလဲဖြစ်ပေါ် လာတာနှင့်အညီ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို အဓိကရှေ့ရှုပြီး လိုအပ်တဲ့အခြေအနေ၊ အချိန်အခါနှင့်လိုက်လျောညီစွာ ပြောင်းလဲသတ်မှတ်ဖို့အတွက် စီမံဆောင်ရွက် ထားရှိပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့မှ နိုင်ငံတကာဆန်စပါးဈေးကွက်များ လေ့လာခြင်း၊ ဈေးနှုန်းအခြေခံများ သုံးသပ်ခြင်း များဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာကျွမ်းကျင်သူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ပုဂ္ဂိုလ်များပါဝင်တဲ့ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်း ဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကိုလည်းပဲ ဖွဲ့စည်းပြီး၊ စောင့်ကြည့်ထိန်းသိမ်း ဆောင်ရွက်လျက်နေပါကြောင်း တင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဆန်ကုန်သည်ကြီးများ၊ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များရဲ့ရောင်းဝယ် ဖောက်ကားမှုရှင်သန်နေစေရေး၊ ဆန်ပို့ကုန်ဈေးကွက်အလားအလာအရ ပြည်တွင်းဆန်စပါး ဈေးအတက်အကျကို ထိန်းကျောင်းမှုနဲ့အတူ တောင်သူကြီးများရဲ့ စီးပွားရေးဘဝတိုးတက်လာစေရေး အစိုးရရော ဆန်စပါးလုပ်ငန်းနှင့် သက်ဆိုင်တဲ့အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေနဲ့ အမြဲလေ့လာ ဆန်းစစ်စီမံဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် စပါးအခြေခံဈေးနှုန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးထုတ်လုပ်သူတွေရဲ့ ထုတ်လုပ်မှု စရိတ်အပေါ် အခြေပြုပြီး ထုတ်လုပ်သူများလည်း အကျိုးအမြတ်ရှိစေ၊ စားသုံးသူများလည်း ထိုက်သင့် တဲ့ဈေးနှုန်းနစ်နာမှုမရှိစေဖို့အတွက် နှစ်စဉ်အခြေခံစပါးဈေးနှုန်းကို သတ်မှတ်နိုင်ရေးအပေါ် စီစဉ် ဆောင်ရွက်ထားရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက် နှင့်အတူပေါင်းစပ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မှုကြမ်း**

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ မြန်မာ့ဆန်စပါးဟာ နိုင်ငံ့ရဲ့အဓိက စီးပွားရေးဖြစ်သလို ဂုဏ်သိက္ခာနှင့်ဆိုင်တယ်လို့လည်း ဝန်ကြီးကရှင်းသွားတာကို အင်မတန်ကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့ ဆန်စပါးဈေးနှုန်းကို ပြန်ပြီးတော့သတ်မှတ်ဖို့ဆိုလို့ရှိရင် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဟာ အင်မတန်မှအရေးပါပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အခုဆိုလို့ရှိရင် ပြီးခဲ့တဲ့နှစ်က ၃.၆ သန်းတန်ထိ ရောင်းလာတဲ့အတွက် ကျွန်တော်တို့ ခေါင်းပြန်မော့လာတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီကြားထဲမှာပဲ ပြည်ပဈေးကွက်မှာ IPT Cource နိုင်ငံက ကျွန်တော်တို့ဆန်တွေ တန် ၁၈၀၀၀ ကို စားသုံးရန်မသင့်ဘူးလို့ ဖျက်စီးလိုက်တယ်ဆိုတဲ့ဟာကိုလည်း သတင်းတွေမှာတော်တော်ဆိုးဆိုးရွားရွား ကြားနေရပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေနှင့်ပတ်သက်ပြီးတော့လည်း ကြုံကြိုက်တုန်းမှာ ဝန်ကြီးဌာန ကရှင်းနိုင်မယ်ဆိုလို့ရှိရင် လွှတ်တော်ကိုရှင်းပြဖို့လိုအပ်ပြီးတော့ အဲဒီလိုစိစစ်တွေ့ရှိတဲ့အခါမှာ ပြည်ထောင်စုဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလားတာလေးတစ်ခုရှိပါတယ်။ အဲဒီတော့ အဲဒီမှာ တန်ချိန်ပေါင်း ၂၂၀၀၀ သည်အာဖရိကကို တင်ပို့ရာမှာ ၄၀၀၀ ပဲ ပထမလက်ခံတယ်။ ဘာဖြစ်လို့ ၄၀၀၀ ပဲလက်ခံတာလည်းဆိုလို့ရှိရင် အဓိကကတော့ ဆန်ကီလို ၅၀ ပါရမှာ ၄၅ ကီလိုပဲပါလို့ဆိုတဲ့ အချက်တစ်ချက်လည်း ပါပါတယ်။ အဲဒီတော့ အရည်အသွေးမပြည့်မီလို့ ဖျက်စီးတယ်ဆိုတာကတော့ သူတို့ဝယ်ယူတဲ့လူတွေမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့ဖြေရှင်းထားတာ မှန်သော်လည်း ဘာဖြစ်လို့ ဒီကီလိုဟာလျော့နေလဲဆိုတဲ့ဟာလေးကိုလည်း ကျွန်တော်တို့ နောက်ထပ်ဒီလိုပြဿနာတွေမဖြစ်မှ ဆန်စပါးဈေးကွက်ဟာ ပြည်ပမှာ ပြန်ပြီးတော့ ခေါင်းမော့ပြီးတော့ နာလန်ထူထာမှာဖြစ်ပါတယ်။ ဒါလေး ကိုလည်း တစ်ဆက်တစ်စပ်တည်း ရှင်းပြလို့ရလို့ရှိရင် ရှင်းပြစေချင်ပါတယ်။ ဘယ်လိုအရေးယူ ဆောင်ရွက်နေသလဲ၊ ဒီလိုထပ်မဖြစ်အောင် ထပ်ဖြစ်ရင်ဘယ်လိုဆက်ပြီးတော့ အရေးယူမလဲဆိုတာ ဖြေလို့ရရင် ဖြေကြားပေးဖို့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦး အခုမေးမြန်းတဲ့ဆက်စပ်မေးခွန်းနှင့် စပ်လျဉ်းပြီး ဒါမြန်မာ့ဆန်စပါးလောကဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ဒါအင်မတန်မှပဲ အထောက်အကူပြုတဲ့ မေးခွန်းတစ်ရပ် ဖြစ်ပါတယ်။ ဒီမေးခွန်းအပေါ်မှာဆက်စပ်ပြီးမေးတဲ့အတွက် ကြောင့်မို့လည်းပဲ ကျေးဇူးတင်ပါတယ်။ ဒီကိစ္စပိုင်းမှာနှစ်ပိုင်းရှိပါတယ်။ ဆန်စပါးအရည်အသွေး

ပြည့်မီစွာ ထုတ်လုပ်နိုင်ဖို့အပိုင်းနှင့် ကူးသန်းရောင်းဝယ်ရေးပိုင်းမှာ နိုင်ငံတကာနှင့်စံချိန်စံညွှန်းနှင့် အညီ တင်ပို့ရောင်းချနိုင်ရေးအပိုင်းဆိုပြီး နှစ်ပိုင်းရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးခုနက ထောက်ပြသွားတဲ့ လက်ရှိလတ်တလောဖြစ်ပွားခဲ့တဲ့ IPT Cource အနေအထားဟာ ဒီဆန်တင်ပို့မှု လမ်းကြောင်းတစ်လျှောက်ရဲ့ အခြေအနေတွေအပေါ်မှာ ပြန်လည်ဆန်းစစ်တဲ့အနေအထားတစ်ခုကို သက်ဆိုင်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းမျဉ်းအားဖြင့်တော့ ဒီဖျက်စီးခံရတဲ့ ဆန်တွေရဲ့အနေအထား ဘာကြောင့်လဲဆိုတဲ့ အဖြေ အကြမ်းတော့ သူတို့မှာရရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို မေတ္တာရပ်ခံချင်တာက မကြာမီအချိန်အတွင်းမှာရရှိလာမည့်အဖြေကို သက်ဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အားလုံးပြည်သူတွေကို ထုတ်ပြမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကိုစောင့်စားပြီး ကြည့်ရှုလေ့လာသုံးသပ်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်း အပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ရန် စိုက်ပျိုးရေးဌာနက သိမ်းယူခဲ့သောမြေများ အနက် မရမ်းကုန်းမြို့နယ်အတွင်းမှ အသုံးမလိုတော့သဖြင့် ပြန်လည်စွန့်လွှတ်သော မြေပိုင်ရှင်(၉၂)ဦး ၏စာရင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့ခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ခြင်းမရှိသဖြင့် ပိုင်ရှင်အများစုမှာ ပြန်လည်မရရှိသေးပါ၍ ပိုင်ရှင်မည်မျှကို ပြန်လည်ပေးအပ်ပြီးဖြစ်ပါသနည်း၊ ကျန်ရှိသောပိုင်ရှင်များကို ပြန်လည်ပေးအပ်မည့်အစီအစဉ်အား သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒီကနေ့အခမ်းအနားကို ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်က ဦးရန်လင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးလိုတဲ့မေးခွန်းက မြန်မာနိုင်ငံ ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ဖို့ စိုက်ပျိုးရေးဌာန အဲဒီတုန်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက သိမ်းယူခဲ့တဲ့မြေတွေနဲ့ မရမ်းကုန်း မြို့နယ်အတွင်းမှာ အသုံးမလိုလို့ ပြန်လည်စွန့်လွှတ်တဲ့မြေများနဲ့ပတ်သက်လို့ မေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို Power Point နဲ့မေးမြန်းခွင့်ပြုဖို့ ပန်ကြားအပ် ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက မေးခဲ့တာဖြစ်ပါတယ်။ အခု ဧပြီလ

ကုန်တော့မယ်။ လေးလကြာမြင့်ခဲ့ပါတယ်။ အဲဒီတော့ မေးခွန်းတစ်ခုကို အဲဒီလောက်ကြာကြာ စောင့်ရတာမဖြစ်သင့်ဘူးလို့ ဒီနေရာမှာယူဆပါတယ်။ သက်ဆိုင်ရာပြည်သူ့လွှတ်တော်ရုံးက ဒါကို အဲဒီလောက်ကြာနေတာ ဘာကြောင့်လဲဆိုတာကို မေးမြန်းသင့်တယ်လို့လည်းယူဆပါတယ်။ အဲဒီတော့ ဒီမှာဆိုလို့ရှိရင် ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ဖို့ စိုက်ပျိုးရေးဌာနက သိမ်းတဲ့ မြေတွေရှိခဲ့ပါတယ်။ သိမ်းတာတောင်မှ သိမ်းသူတစ်ယောက်ချင်းစီကို စာပို့ပြီးတော့သိမ်းခဲ့ပါတယ်။ စာပို့တာတောင်မှ နှစ်ကြိမ်တိတိစာပို့ပြီးသိမ်းယူခဲ့ပါတယ်။ ဒါ ပထမအပိုဒ်ရဲ့အဆုံးမှာ ထပ်မံအကြောင်း ကြားအပ်ပါသည်ဆိုတာ တွေ့ပါလိမ့်မယ်။ ဒါ ဒုတိယအကြောင်းကြားတာဖြစ်ပါတယ်။ မြေပုံနှင့်တကွ ဖော်ပြပြီးသိမ်းခဲ့တာဖြစ်ပါတယ်။ ဒါက ၂၀၀၇ ခုနှစ်ရောက်တဲ့အခါကျတော့ ဒီမြေတွေထဲက အသုံး မလိုတော့တဲ့မြေတွေရှိတယ်။ ဒီမြေများကို နိုင်ငံသားတွေနာမည်နဲ့တကွ၊ မြေပုံနှင့်တကွ မရမ်းကုန်း မြို့နယ်ထဲမှာ ပြန်လည်စွန့်လွှတ်တဲ့မြေများကို ဆက်လက်ဆောင်ရွက်ပါဆိုပြီးတော့မှ မြို့နယ်အုပ်ချုပ် ရေးမှူးဆီကို စိုက်ပျိုးရေးဌာနက စာပို့ခဲ့ပါတယ်။ အားလုံးပေါင်း ၉၂ ယောက်ရှိပါတယ်။ စုစုပေါင်း သိမ်းထားတဲ့ဧက ၁၅၀၀ ကျော်မှာ ဧက ၅၂ ဧကကိုပြန်လည်စွန့်လွှတ်တာဖြစ်ပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးက ဘာမှဆက်မလုပ်တဲ့အတွက် ဒီမြေတွေကိုပိုင်ရှင်တွေက စွန့်လွှတ် ကြောင်းမသိခဲ့ပါဘူး။ သက်ဆိုင်ရာစိုက်ပျိုးရေးဌာနကလည်း အုပ်ချုပ်ရေးမှူးဆီကိုပို့ထားတဲ့စာကို ဘယ်လိုများအရေးယူဆောင်ရွက်ထားသလဲလို့ မေးမြန်းခြင်းမရှိခဲ့ပါဘူး။ သိမ်းတုန်းက ကိုယ်ထိ လက်ရောက်စာနဲ့ပေနဲ့သိမ်းခဲ့ပြီးတော့ ပြန်လည်စွန့်လွှတ်တဲ့အခါမှာ ဘာဖြစ်လို့များ စာနဲ့ပေနဲ့ တစ်ဦး ချင်းစီကို အကြောင်းမကြားသလဲဆိုတာ စဉ်းစားသင့်ပါတယ်။

အဲဒီတော့ အဲဒီမြေတွေနဲ့ ပတ်သက်လို့ နိုင်ငံတော်ကထုတ်ပြန်ထားတဲ့ ကြေညာချက် ဖြစ်ပါတယ်။ အဲဒီတော့ နံပါတ်(၂)မှာ စွန့်လွှတ်မြေများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံပေးရန် အခု ၂၀၀၇ ခုနှစ်က သိမ်းတဲ့မြေဟာ အခု ၂၀၁၉ ခုနှစ်ရှိပါပြီ။ ၁၂ နှစ် ကြာခဲ့ပါပြီ။ ဒီမြေတွေကို ပိုင်ရှင်တွေအကုန်လုံးက ရဖို့နေနေသာသာ မသိတောင်မသိသေးပါဘူး။ အဲဒီတော့ အဲဒီမြေတွေမှာ အစိုးရကလည်း သူ့မြေကို စွန့်လွှတ်ပြီးပြီဆိုပြီး ပစ်ထားတယ်။ ပိုင်ရှင် ကလည်းမသိတဲ့အတွက် ကျူးကျော်တွေဝင်ရောက်နေကြောင်း ရှိကောင်းရှိပါမယ်။ နံပါတ်(၅)မှာ စွန့်လွှတ်မြေများအပေါ်မှာ ကျူးကျော်တွေဝင်ရောက်နေမှုကို ဝန်ကြီးဌာနတွေက လုပ်ထုံးလုပ်နည်း များနှင့်အညီ ရှင်းလင်းပေးဖို့ဖြစ်တယ်လို့လည်းပဲ နိုင်ငံတော်သမ္မတရုံးက ကြေညာထားပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီစွန့်လွှတ်ထားတဲ့မြေများအနက်၊ ပိုင်ရှင်များအနက် ဘယ်နှစ်ယောက် လာပြီးတော့များ ထုတ်ယူလို့ပေးခဲ့ပြီးပြီလဲ။ ကျန်တဲ့ပိုင်ရှင်တွေ သိအောင်ရော ဘယ်လိုများအမြန်ဆုံးကြေညာဆောင်ရွက်မှာပါလဲ။ တစ်ခါ ဒီပိုင်ရှင်များစစ်မှန်တယ် ဆိုလို့ရှိရင်ရော အမြန်ဆုံးထုတ်ပေးဖို့အတွက် ဝန်ကြီးဌာနက ဘယ်လိုကူညီမလဲဆိုတာကို သိချင်တဲ့ အတွက် မေးမြန်းတာဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းရဲ့မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ပေါ်မှာအခြေပြုပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါ့မယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၃ ခုနှစ်မှာ ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်ကနေ မြေပိုင်ရှင် ၉၂ ဦးပိုင်ဆိုင်တဲ့ မြေဧရိယာ ၅၄.၃၃၆ ဧကကို ထိုစဉ်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ကြို့ကုန်းသုတေသနဗိမာန်တည်ဆောက်ဖို့အတွက် သိမ်းယူခဲ့မှုရှိပါတယ်။ ယင်းနဲ့စပ်လျဉ်းပြီး လယ်ယာနဲ့သစ်တောဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၁-၁၂-၁၉၇၈ ရက်စွဲပါစာအမှတ်၊ ၂၃၀(ခ)(၂)/၇၈ ဖြင့် ဥပဒေနဲ့အညီ မြေသိမ်းအမိန့်များထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ သိမ်းယူခဲ့တဲ့မြေဧရိယာ ၅၄.၃၃၆ ဧကအနက်ကနေ ဌာနကအသုံးပြုတဲ့မြေဟာ ၁.၅၀၆ ဧကဖြစ်ပြီး အသုံးမပြုတဲ့မြေဟာ ၅၂.၈၃ ဧကဖြစ်ပါတယ်။ အသုံးပြုတဲ့မြေ ၁.၅၀၆ ဧကပေါ်မှာ စိုက်ပျိုးရေး လုပ်ငန်း၊ မျိုးစေ့ဌာနခွဲ၊ မျိုးစေ့အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲခန်း တည်ဆောက်အသုံးပြုခဲ့ ပါတယ်။ အဆိုပါ ၁. ၅၀၆ ဧကအနက် ဒေါ်မမကြီး+၂ ပိုင်မြေဟာ ၀.၀၄၈ ဧကဖြစ်ပြီး ဦးချစ်ဦး(ဦးပန်းရဲ့သား)ရဲ့ပိုင်မြေဟာ ၁.၄၅၈ ဧကဖြစ်ပါတယ်။ ဒေါ်မမကြီး+၂ ပိုင်မြေ ၀.၀၄၈ ဧကကို ၁၄-၅-၂၀၀၂ နေ့မှာ မြေပိုင်ရှင်ရဲ့သဘောတူညီချက်အရ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လျော်ကြေး ပေးပြီးဖြစ်ပါတယ်။ ဦးချစ်ဦး(ဦးပန်းရဲ့သား)ပိုင်မြေ ၁.၅၄၈ ဧကကို စိုက်ပျိုးရေးဦးစီးဌာနကနေ ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ကောလိတ္တော်အရာရှိထံကို ၁၄-၁၂-၂၀၁၈ ရက်နေ့မှာ အပ်နှံခဲ့ပြီးဖြစ်ပါတယ်။

**မူကြမ်း**

ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ဖို့ သိမ်းယူခဲ့တဲ့မြေများအနက်က ဌာနက အသုံးမပြုတဲ့မြေတွေကို သက်ဆိုင်သူများသို့ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဌာနကအသုံးပြုတဲ့မြေနဲ့ မသုံးမပြုတဲ့မြေစာရင်းကိုပြုစုပေးဖို့ရန် မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ၅-၁-၂၀၁၇ ရက်စွဲပါ/ စာအမှတ်၊/ဦး-၁ ဖြင့် အကြောင်းကြားလာခဲ့မှု ရှိပါတယ်။ အဲဒီလိုအကြောင်းကြားလာခဲ့မှုအပေါ်မှာ အသုံးပြုတဲ့မြေဧရိယာ ၁.၅၀၆ ဧကနဲ့ အသုံးမပြုတဲ့မြေ(ပြန်လည်ပေးအပ်နိုင်တဲ့မြေ) ၅၂.၈၃၀ ဧက ရှိကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မျိုးစေ့ဌာနခွဲကနေပြီးတော့မှ ၁၅-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၅-အခရ-၂၀၁၇/၃၅ နဲ့ မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ အားလုံးစာရင်းပြုစုပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေထိ အဆိုပါအသုံးမပြုတဲ့မြေ(ပြန်လည်ပေးအပ် နိုင်တဲ့ မြေ)ဧရိယာ ၅၂.၈၃ ဧကဟာ စိုက်ပျိုးရေးဦးစီးဌာန(ယခင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)မှ သိမ်းယူ စာရင်းတွင်ပါဝင်ခဲ့သော်လည်းပဲ ယနေ့အချိန်ထိ ဌာနအနေနဲ့ လုံးဝအသုံးပြုခဲ့ခြင်းမရှိဘဲ အခိုင်အမာ လူနေရပ်ကွက်အဖြစ်သာ တည်ရှိနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာပါရှိပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ကြို့ကုန်းစိုက်ပျိုးရေး သုတေသနဗိမာန်တည်ဆောက်ရန် သိမ်းယူခဲ့တဲ့မြေနဲ့စပ်လျဉ်းပြီး ပြန်လည်ပေးအပ်ပြီးစီးမှု၊ ကျန်ရှိမြေ ကို ပြန်လည်ပေးအပ်မယ့်အစီအစဉ်များနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်မှာ ၁၉၅၃ ခုနှစ်က ကြို့ကုန်းစိုက်ပျိုးရေးသုတေသနဗိမာန်တည်ဆောက်ရန် သိမ်းယူခဲ့တဲ့မြေများအနက်မှ ဌာနမှအသုံးပြုခဲ့တဲ့မြေ ၁.၅၀၆ ဧကအတွက် မြေပိုင်ရှင်နှစ်ဦးကို ရှေ့မှာတင်ပြခဲ့တဲ့အတိုင်း ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီဖြစ်ပါကြောင်းနှင့် ကျန်ရှိတဲ့ ဌာနကအသုံးမပြုတဲ့မြေ ၅၂.၈၃ ဧကနှင့်စပ်လျဉ်းပြီး မရမ်းကုန်းမြို့နယ်၊ အုပ်ချုပ်ရေးမှူးထံသို့ စာရင်းပြုစုပေးပို့ခဲ့ပြီးဖြစ်တဲ့အလျောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့မူဝါဒလမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲဆောင်ရွက်ပေးသွားရမယ့်ကိစ္စဖြစ်ပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အဲဒီတော့ ဒီမြေများကို သက်ဆိုင်ရာဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်ကတည်းက စွန့်လွှတ်ပြီးဖြစ်ပါတယ်။

ဒီစွန့်လွှတ်ပြီးမြေများကို စွန့်လွှတ်သူလက်ထဲကိုမရောက်ဘဲနဲ့ ဒီဟာကို ကာလကြာရှည်စွာ ပစ်ထားခဲ့တဲ့ဟာ သိမ်းဆည်းသွားတဲ့ မူလဝန်ကြီးဌာနမှာ တာဝန်ရှိတယ်လို့ ယူဆပါတယ်။ နောက်တစ်ခါ စွန့်လွှတ်ပြီးသားမြေများကို ပိုင်ရှင်များအနေနဲ့ သိမ်းဆည်းခံမြေမဟုတ်တော့တဲ့အတွက် စွန့်လွှတ်ပြီးမြေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှာ တောင်းဖို့သာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဌာနကစွန့်လွှတ်ပြီးမြေများနဲ့ပတ်သက်ပြီး ယနေ့တိုင် ပိုင်ရှင်များလက်ထဲမရောက်သေးတဲ့အတွက် သိမ်းဆည်းတဲ့ဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိပါကြောင်းနှင့် မည်သို့စီမံဆောင်ရွက်ပေးမယ်ဆိုတဲ့ ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားပါမယ်။ မိမိတို့သိမ်းဆည်းထားတဲ့မြေများအနက် ဌာနမှအသုံးပြုတဲ့မြေများကို ချပ်လှပ်ပြီးတော့မှ အသုံးမပြုတဲ့မြေတွေကို သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်တဲ့အလျောက် ထိုစဉ်က ကော်လိတ္တော်အရာရှိလက်ထဲကို အပ်နှံပြီးဖြစ်တဲ့အလျောက် သိမ်းဆည်းခံမြေတွေကို ပြန်လည်ပြီးတော့ နဂိုမူလပိုင်ရှင်များကို ပြန်လည်ပေးအပ်ဖို့အတွက်ကို ၎င်းတို့က ဆက်လက်စီမံခန့်ခွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းမေးလို့ သိမ်းဆည်းထားတဲ့ ဝန်ကြီးဌာနအနေနဲ့ အဆိုပါကိစ္စနဲ့စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆက်စပ်အကြောင်းကြား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သဘာဝဘေးကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အရေးပေါ်ရန်ပုံငွေသုံးစွဲခြင်းအား အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပျက်စီးဆုံးရှုံးခဲ့သော စရိတ်ကာမိစေရန် ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သဘာဝဘေးများကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အရေးပေါ်ရန်ပုံငွေသုံးစွဲခြင်းအား အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပျက်စီးဆုံးရှုံးသွားခဲ့သော စရိတ်ကာမိစေရန် ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်းမေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၁ ခုနှစ် လေးမျက်နှာမြို့နယ် ထိန်ငူတာကျိုးတာက စပြီးတော့ ၂၀၀၄ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်များအထိ ရေကြီးမှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်ကလည်း ဇွန်လမှာ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုမှာလည်းကောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လများမှာ သဘာဝ ဘေးအန္တရာယ်ကျရောက်မှုများနှင့် နောက်ဆက်တွဲရေဘေးအန္တရာယ်များကြောင့် အိမ်ထောင်စုပေါင်း သုံးသိန်းကျော်၊ လူဦးရေ ၁၄ သိန်းခန့်ဟာ အတိဒုက္ခရောက်ခဲ့ကြပြီး သဘာဝဘေးဒဏ်ကြောင့် သီးနှံ များ ရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သီးနှံစုစုပေါင်းဧက ၁၃၀၀၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရပါတယ်။ အလားတူ ၂၀၁၆ ခုနှစ် ဧပြီလတွင် မိုးသီးကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ ဒေသခံတောင်သူများရဲ့သီးနှံ စိုက်ခင်း များ အမှန်တကယ်ပျက်စီးဆုံးရှုံးခဲ့သော စုစုပေါင်းသီးနှံပျက်စီးဧကဟာ ၂၄၂၉၃ ဧက ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစ၍ ဧရာဝတီမြစ်ရေကြီးမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်နှင့် ထီးချိုင့်မြို့နယ်တို့မှာ ဒေသခံပြည်သူများ၏ အမှန်တကယ်ပျက်စီးဆုံးရှုံးခဲ့သော စုစုပေါင်း သီးနှံပျက်စီး ဧက ၁၁၉၆၅ ဧကတို့ ဖြစ်ပါတယ်။ အဆိုပါပျက်စီးဧကများကို ပြည်ထောင်စုရဲ့ဘဏ္ဍာရန်ပုံငွေမှ

သီးသန့်ရန်ပုံငွေသုံးစွဲ၍ ပြည်ထောင်စုအစိုးရမှ ကျပ်သန်းပေါင်း ၁၃၈၃.၀၀၆ သန်းကို ထောက်ပံ့ကူညီနိုင်ခဲ့ပါတယ်။ အလားတူ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း မြစ်ရေကြီးမှုကြောင့် တောင်သူများရဲ့စိုက်ပျိုးပြီးသော လယ်ယာမြေမြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး အိုးအိမ်များ၊ လမ်းများ၊ တံတားများလည်း ပျက်စီးခဲ့ရပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သီးသန့်ရန်ပုံငွေအဖြစ် ကျပ်သန်းပေါင်း ၁၁.၃၃ ဘီလီယံကျော်ကိုလည်း သုံးစွဲရန်နှင့် ဒုတိယသီးနှံအစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ထောက်ပံ့မှုနှင့် သီးနှံအလိုက် ထောက်ပံ့ကြေးကျပ်သန်းပေါင်း ၄၇၄၉.၃၈ သန်းကို တောင်သူများ ပျက်စီးတစ်ဧက ကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒီပမာဏတွေကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က ဘဏ္ဍာငွေမြောက်မြားစွာထောက်ပံ့ခဲ့သလို တောင်သူများအနေနဲ့လည်း ထောက်ပံ့ငွေမက ၁၀ ဆခန့် ဆုံးရှုံးခဲ့တာကို တွေ့ရှိရပါတယ်။ သီးနှံမျိုးဖိုးတောင်မကာမိပါဘူး။

အလားတူ ၂၀၁၇ ခုနှစ် မိုးရာသီကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ ပိုးမွှားကျခြင်း၊ ကြွက်ဖျက်ဆီးခြင်း၊ တောင်ပြိုခြင်း၊ ရေစားကမ်းပြိုခြင်းနှင့် ရွှံ့ခဲရကျခြင်းတို့ကြောင့် ၃၁-၁၂-၂၀၁၇ ရက်နေ့အထိ သီးနှံများ ၃၂၁၇၈၃ ဧက ပျက်စီးခြင်းအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ သီးနှံပြန်လည်အစားထိုးစိုက်ပျိုးခြင်းအပေါ်ကို ကျပ်သန်းပေါင်း ၄၃၄၉.၁၃၅ ကို ၈-၈-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၄/၂၀၁၈)ဖြင့် ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့(၁၄-၉-၂၀၁၈ ရက်နေ့)မှာ လွှတ်တော်မှာ မှတ်တမ်းတင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာလည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ မိုးသည်းထန်စွာရွာသွန်းပြီး စိုက်ပျိုးသီးနှံများ ပျက်စီးသွားခဲ့ပါတယ်။ ဆွာဆည်ရဲ့ ရေပိုလွှဲတာကျိုးမှုကြောင့်လည်း စိုက်ပျိုးသီးနှံများ ပျက်စီးခဲ့တာ မနည်းပါဘူး။ အခုလို သဘာဝဘေးကြောင့် သီးနှံများပျက်စီးထိခိုက်မှုဟာ နှစ်စဉ်လိုလိုဖြစ်လာတာမို့ တောင်သူလယ်သမားများအနေနဲ့ အခက်အခဲများစွာနဲ့ ရင်ဆိုင်လာရပါတယ်။ နိုင်ငံတော်မှာလည်း နှစ်စဉ်လိုလို နိုင်ငံတော်သီးသန့်ရန်ပုံငွေထဲမှ ထောက်ပံ့ပေးခဲ့သော်လည်း ချက်ချင်းလက်ငင်းမပေးနိုင်သလို ပျက်စီးဆုံးရှုံးမှုကာမိအောင်လည်း ထောက်ပံ့ပေးနိုင်ခြင်းမရှိပါဘူး။ တောင်သူလယ်သမားများအနေနဲ့လည်း ငွေကြေးအခက်အခဲကြောင့် ပြန်လည်မစိုက်ပျိုးနိုင်သလို ပျက်စီးဆုံးရှုံးမှု ကာမိအောင် ထောက်ပံ့မှုမရတဲ့အတွက်ကြောင့် အခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်

တွေ့ကြုံရပါတယ်။ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ကြေးပေးမှုကို ကြည့်မယ်ဆိုရင် ၂၀၁၇ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလခန့်က သီးနှံပျက်စီးမှုကို ထောက်ပံ့နိုင်မှု၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးက ခွင့်ပြုခဲ့ပါတယ်။ တစ်နှစ်ကျော်ကြာခဲ့ပါတယ်။ တောင်သူလယ်သမားလက်ဝယ်ရောက်ဖို့ အချိန်ယူရပါသေးတယ်။ နောက်တစ်နှစ်သီးနှံတောင်စိုက်ပြီးတော့ တချို့ပျက်စီးကုန်ကြပါတယ်။ ထောက်ပံ့ငွေကို ကြည့်ပြန်ရင်လည်း ဧက ၃၂၁၇၈၃ ဧက ပျက်စီးပြီးတော့ ကျပ်သန်းပေါင်း ၄၃၄၉.၁၃၅ ဆိုတော့ တစ်ဧက ထောက်ပံ့စရိတ်က တစ်ဧကကို ၁၀၀၀၀ ကျပ်လောက်သာ ရရှိမယ့်အနေအထားတွေ့ရှိရပါတယ်။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ပေးသော်လည်း တောင်သူများအတွက် ထိရောက်တဲ့ထောက်ပံ့မှုမျိုး ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက် ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ယခုကာလနှစ်စဉ်နီးပါးကြုံတွေ့လာရတဲ့သဘာဝဘေးကြောင့် ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ခံစားရတာနဲ့အတူ တောင်သူလယ်သမားတွေရဲ့စိုက်ပျိုးထားတဲ့သီးနှံတွေကလည်းပဲ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့လာရမှုများ ရှိနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ပြီးတဲ့နောက် ပြန်လည်ထူထောင်ဖို့၊ သီးနှံများပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့၊ မျိုး၊ သွင်းအားစုနဲ့ ထောက်ပံ့ငွေတွေကို ထိခိုက်နစ်နာတဲ့ တောင်သူများထံ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရမှု ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာသီးနှံတွေ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့အတွက် လက်ငင်းပံ့ပိုးမှုအားဖြင့် မျိုးစေ့နှင့် အခြားသွင်းအားစု၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတွေကို ချက်ချင်းရာသီအချိန်မီပံ့ပိုးပေးခြင်းနှင့် ထိခိုက်ပျက်စီးမှုများအတွက်

ထောက်ပံ့ကြေးငွေပေးအပ်ခြင်းဆိုပြီး ပံ့ပိုးမှုအပိုင်းနှစ်ပိုင်းပါရှိပါတယ်။ လက်ငင်းပံ့ပိုးမှုကိုတော့ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ အလှူရှင်တွေရဲ့ထောက်ပံ့မှုတွေကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကတစ်ဆင့် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပျက်စီးမှုများအတွက် ထောက်ပံ့ကြေးငွေပေးရာမှာ အမှန်တကယ်ထိခိုက်ပျက်စီးမှုစာရင်း မှန်ကန်စေရေးက အရေးကြီးတဲ့အလျောက် လုံလောက်တဲ့အချိန်ကို ရယူစစ်ဆေးပြီး နိုင်ငံတော်အရေးပေါ်ရန်ပုံငွေမှ ထောက်ပံပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါထိခိုက်ပျက်စီးစာရင်းမှန်ကန်စေရေးဟာ အရေးကြီးပါတယ်။ ဒါကြောင့် အောက်ခြေမှာ အခြေခံဒေသများအလိုက် ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်းပြီး ထိခိုက်နစ်နာသူတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေက တောင်သူတစ်ဦးချင်း ထိခိုက်ပျက်စီးမှုတွေကို ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက်၊ သီးနှံအမျိုးအစားအလိုက် ပျက်စီးစာရင်းများ ရှေးဦးပြုစုဆောင်ရွက်ရပါတယ်။ ထိခိုက်နစ်နာတဲ့ တောင်သူတွေကိုယ်တိုင် အဆိုပါ ပျက်စီးစာရင်းကောက်ယူရေးအဖွဲ့တွေကို သတင်းပေးပို့နိုင်ဖို့အတွက်လည်း သဘာဝဘေးကြုံတွေ့ရတဲ့ဒေသတွေမှာ တောင်သူတွေကို အသိပေးကြေညာပြီး ပူးပေါင်းဆောင်ရွက်စေလျက်ရှိပါတယ်။ ကောက်ယူရတဲ့ စာရင်းတွေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် စိစစ်ရေးအဖွဲ့တွေက အဆင့်ဆင့်စိစစ်ပြီးတော့မှ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကတစ်ဆင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနကို ပေးပို့စုစည်း ဆောင်ရွက်ရမှုရှိပါတယ်။ တစ်ဆက်တည်းမှာပဲ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်သီးနှံပျက်စီးဧရိယာတွေအတွက် သတ်မှတ်ထောက်ပံ့ငွေနှုန်းထားများ အဆိုပြုပေးပို့နိုင်ဖို့ကိုလည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကိုလည်း အကြောင်းကြားဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရတဲ့အလျောက် ယင်းတို့ရဲ့စိစစ်သဘောထားမှတ်ချက်များရယူပြီး တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဧကများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့၊ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့နိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်ရလေ့ ရှိပါတယ်။ မြို့နယ်အလိုက် ထောက်ပံ့ပေးရမယ့်ငွေတွေကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ စီမံခန့်ခွဲမှုနှင့် တောင်သူတစ်ဦးချင်းထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် ပျက်စီးဧရိယာတွေအတွက် ၂၀၁၃-၂၀၁၄ ခုနှစ်ကနေစတင်ပြီး ထောက်ပံ့ပေးခဲ့ရာမှာ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ဖို့အတွက် အရေးပေါ်ရန်ပုံငွေကနေ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ သီးနှံပျက်စီးဧက ၄၃၈၀၀၀ ကျော်အတွက် ကျပ် ၄.၆၆၄ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ သီးနှံပျက်စီးဧက ၃၃၂၀၀၀ အတွက် ကျပ် ၄.၃၄၈ ဘီလီယံကို တောင်သူတွေကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ အခု ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဧက ၆၈၂၀၀၀ ကျော်အတွက် အရေးပေါ်ရန်ပုံငွေကနေ ဦးစွာ သီးနှံပျက်စီးဧက ၃၈၀၀၀၀ အတွက် ကျပ် ၇.၃၃ ဘီလီယံ ထောက်ပံ့ပေးပြီး ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလဆန်းပိုင်းအထိ သီးနှံပျက်စီးဧက ၃ သိန်းကျော်အတွက် ကျပ်သုံးဘီလီယံကျော် ထောက်ပံ့ပေးအပ်နိုင်ဖို့လည်းပဲ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုထောက်ပံ့ပေးမှုမှာလည်းပဲ စိုက်ပျိုးရာသီအချိန်အလိုက် သီးနှံပျက်စီးဧကများအလိုက်၊ သီးနှံအလိုက် နှုန်းထားများ စိစစ်သတ်မှတ်ပေးရခြင်းရှိပါတယ်။ သီးနှံပျက်စီးဧကတွေအတွက် ထောက်ပံ့ပေးရာမှာ နွေစပါးသီးနှံအတွက် တစ်ဧကကို ကျပ် ၂၅၀၀၀၀ နှုန်း၊ မိုးစပါးပျိုးခင်းအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း၊ နွေနှမ်းနှင့် ချက်ကြံအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းနှင့် မိုးမြေပဲသီးနှံအတွက် တစ်ဧက ကျပ် ၃၀၀၀၀ နှုန်း၊ အခြားနှစ်ရှည်သီးနှံများအတွက် တစ်ဧက ကျပ် ၂၀၀၀၀ နှုန်း၊ ထို့အတူ မိုးစပါးစိုက်ခင်း၊ တောင်ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ချဉ်ပေါင်လျှော်နှင့် အခြားရာသီသီးနှံတွေအတွက် တစ်ဧကကို ကျပ်တစ်သောင်းနှုန်း၊ ဆောင်းမြေပဲသီးနှံ၊ မိုးနှမ်း၊ မိုးနေကြာ၊ နှံစားပြောင်းနှင့် ပဲမျိုးစုံသီးနှံတို့အတွက် တစ်ဧကကို ကျပ် ၅၀၀၀ နှုန်းတို့ဖြင့် ပျက်စီးထိခိုက်မှု အခြေအနေအပေါ်မှာ ဆန်းစစ်ပြီး ထောက်ပံ့ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးကြုံတွေ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ သီးနှံထိခိုက်ပျက်စီးမှုရှိတဲ့ ဧရိယာတွေ၊ မျိုးနှင့် သွင်းအားစုတွေကို လက်ငင်းထောက်ပံ့ပေးပြီး သီးနှံရာသီအတွင်း ပြန်လည်စိုက်ပျိုးဆောင်ရွက်နိုင်ရေး၊ သီးနှံထုတ်လုပ်မှုမလျော့ပါးစေရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိခြင်းတို့ဖြစ်ပါတယ်။ နှစ်စဉ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး တောင်သူလယ်သမားများအတွက် ထိုက်သင့်တဲ့နှုန်းထားများ ရရှိနိုင်စေရေးစိစစ်မှုနှင့်အတူ သင့်လျော်တဲ့ထောက်ပံ့ငွေများကို စီမံပံ့ပိုးပေးလျက်ရှိပါ

ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းထဲမှာပါပြီးသားဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလလောက်မှာပဲ မြစ်ရေကြီးမှုတွေဖြစ်ပြီးတော့ ပျက်စီးသွားပါတယ်။ အဲဒီတော့ နိုင်ငံတော်အဆင့်ကို ဒီလို ဇကပေါင်း သုံးသိန်းကျော်က ကျွန်တော်တို့ ဒီဇင်ဘာလမှာ ဒီထဲကပြထားတဲ့ ၃၁ ရက် ဒီဇင်ဘာလမှာ သုံးသိန်းနှစ်သောင်းကျော်ပျက်စီးခြင်းဟာ ဒါ ရရှိသွားပြီဖြစ်တယ်။ သို့သော်လည်းပဲ ပြည်ထောင်စုရဲ့ ဒီဘက်အစိုးရရဲ့အစည်းအဝေးဟာ နောက်ထပ် ၈ လပိုင်းကျမှ ဒါကိုအတည်ပြုတဲ့အခါကျတော့ ကျွန်တော်တို့ လယ်သမားက ပျက်စီးသွားတာ တစ်နှစ်ကျော်သွားပြီ။ တစ်နှစ်ကျော်သွားပြီးမှရတဲ့ အတွက် လယ်သမားဘာမှမလုပ်တတ်တော့ဘူး။ လယ်သမားက ချက်ချင်းပြန်စိုက်နိုင်ဖို့ဆိုတာ အဲဒီ အချိန်မှာ ကျွန်တော်တို့ ဓာတ်ဆားတို့ စသည်အားဖြင့် ထွန်ယက်စရိတ်တို့၊ ဒီဘက်က စိုက်ပျိုးစရိတ်တို့၊ မျိုးစပါးတို့ ဒါတွေဟာ ချက်ချင်းမရရင် ဘယ်လိုမှလုပ်လို့မရဘူး။ အခုတော့ ဖြစ်ပျက်ပြီးတာက ဩဂုတ်လ၊ စက်တင်ဘာလမှာ ရေနစ်မြုပ်သွားပြီ။ စာရင်းဇယားတွေ အားလုံးကလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးက မတက်လို့ဆိုသော်လည်း ဒီဘက်မှာဖော်ပြထားတာက ၃၁-၁၂-၂၀၁၇ ရက်နေ့က စာရင်းဇယားတွေ အတိအကျရတယ်။ သို့သော် အစိုးရအဖွဲ့အစည်းအဝေးထိုင်တဲ့အခါကျတော့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှာထိုင်တယ်။ ကျွန်တော်တို့လွှတ်တော်ရောက်လာတဲ့အခါကျတော့ ၉ လပိုင်း ၂၄ ရက်နေ့ကျမှ လွှတ်တော်ရောက်လာတယ်။ ပြီးတဲ့အခါကျမှ ပြန်ခွဲတဲ့အခါကျတော့ တစ်နှစ်ကျော်ကျော်လောက်ကြာမှ လယ်သမားကရတဲ့အတွက်ကြောင့် ဒါသည် ဘာမှမလုပ်တတ်တော့ဘူး။ ဒါလေးတစ်ချက်ကို ကျွန်တော်ဘယ်လောက်ထိ ကွာပြီးတော့ ဘယ်လောက်ထိပေးနိုင်မလဲ။ အမြန်ဆုံး ပေးနိုင်လေ ကျွန်တော်တို့ လယ်သမားပြန်စိုက်လေပဲ။ မပေးနိုင်ရင်တော့ စိုက်နိုင်မှာမဟုတ်တော့ဘူး။ ဒါလေးတစ်ချက်မေးချင်တယ်။ ဒုတိယတစ်ချက်ကတော့ ဒီထဲမှာပဲ စောစောက ကျွန်တော်တို့ စိုက်ပျိုးစရိတ်က အနည်းဆုံး တစ်တင်းခွဲလောက်ကုန်တယ်။ တစ်သောင်းရှစ်ထောင်လောက်ကုန်တယ်။ အဲဒီတော့ ကျွန်တော်တို့မြို့နယ်တွေမှာ အားလုံးပြောင်းသလင်းမြုပ်သွားပြီးပြီ။ အဲဒီအတွက် တစ်ဇကကို တစ်သောင်းပဲ လုပ်တဲ့အတွက်ကြောင့် ပေးလိုက်တဲ့ပိုက်ဆံက တအားနည်းနေတယ်။

တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ပေးသော် လည်းပဲ တစ်ဧကတစ်သောင်းဆိုတော့ တစ်သောင်းက ဘာမှလုပ်လို့မရဘူး။ မျိုးစပါးလည်း ဝယ်လို့ မရဘူး။ ထွန်ဖို့ယက်ဖို့လည်း လုပ်လို့မရဘူး။ ထွန်ဖို့ယက်ဖို့လည်း အနည်းဆုံးတစ်ဧကကို သုံးသောင်း လောက်ကုန်တယ်။ မျိုးစပါးကလည်း နှစ်သောင်းလောက်ကုန်တဲ့အတွက် ဒီတစ်သောင်းဟာ ဘာမှ မလုပ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဆက်စပ်မေးခွန်းမေးတာကတော့ ကျွန်တော်တို့ ဘယ်လောက်အထိ အမြန်ဆုံး၊ အနီးဆုံးဆောင်ရွက်ပေးနိုင်မလဲ။ နံပါတ်တစ်ကတော့။ နံပါတ်နှစ် တစ်ချက်ကတော့ လယ်သမားတွေပြန်စိုက်နိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ပမာဏကို ဘယ်လိုပေး နိုင်မလဲဆိုတဲ့ အဲဒါလေးကို ဆက်စပ်မေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ဖြေကြား ပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး အပိုင်းနှစ်ပိုင်းခွဲခြားပြီးတော့ ပြန်လည် ဖြေကြားပါမယ်။ နံပါတ်တစ်အချက်က မိမိဖြေကြားချက်ထဲမှာလည်းပါပါပြီ။ သီးနှံထိခိုက်ပျက်စီးမှု ကြုံတဲ့အခါမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ထိခိုက်ပျက်စီးတဲ့အပေါ်မှာ ပြန်လည်ထူထောင်နိုင်ရေးအတွက် လက်ငင်းအစီအမံနဲ့ ပံ့ပိုးဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ အချိန်မီ၊ အခါမီ ပြန်လည်စိုက်ပျိုးနိုင်ရေး အတွက် သူတို့အတွက်လိုအပ်တဲ့ မျိုးစပါးနှင့် လိုအပ်တဲ့သွင်းအားစု၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး တွေကို ပံ့ပိုးပေးခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို ငွေကြေးစီမံထောက်ပံ့မှု အပိုင်းမှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတွေကို မိမိတို့မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဖြစ်စေဖို့အတွက်ကို ထိခိုက်ပျက်စီးသွားတဲ့ဧရိယာကို အောက်ခြေမှာ ကွင်းဆင်းစိစစ်ရမှုကို လုပ်ရပါ တယ်။ အချိန်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ အနည်းငယ်ရှင်းလင်းတင်ပြလိုတာကတော့ ဒီရေကြီးနစ်မြုပ်မှုကြောင့် သီးနှံတွေ ရေကြီးနစ်မြုပ်တဲ့အခါမှာ ရေပြန်ပေါ်ပြီးတဲ့နောက်မှာ ထိခိုက်တဲ့ ဧရိယာထက် ပျက်စီးတဲ့ဧရိယာတွေကို အောက်ခြေကွင်းဆင်းတဲ့အဖွဲ့တွေက စိစစ်ရပါတယ်။ ရေကြီးနစ်မြုပ်ပေမဲ့ နှစ်စဉ်ပုံမှန်တစ်ဧကအထွက်နှုန်းမမီဘဲ လေးပုံတစ်ပုံ အထိ အထွက်ရနိုင်ခြေရှိရင် ထိခိုက်စာရင်းထဲကမှတ်သားပြီး အဲဒီထိခိုက်စာရင်းမှာ သတ်မှတ်ထားတဲ့နှုန်းထားနှင့်အညီ ပေးလျော် ပါတယ်။ သီးနှံအားလုံးပျက်စီးပြီး မရိတ်သိမ်းနိုင်တဲ့ တစ်ခုလုံးပျက်စီးမှုသာ ပျက်စီးဧရိယာ သတ်မှတ်ပြီး

ပေးခြင်းဖြစ်ပါတယ်။ ရာသီအတွင်းပျက်စီးသွားတဲ့သီးနှံတွေ ပြန်စိုက်ပျိုးနိုင်ပါက ပြန်လည်စိုက်ပျိုးဧရိယာကို ကွင်းဆင်းပြီး စာရင်းမှတ်သားထားပါတယ်။ ဒါမှသာ ထိခိုက်ဧရိယာ၊ ပျက်စီးဧရိယာ ကွဲပြားရှိပြီး ကိန်းဂဏန်းဖောင်းပွမှုမဖြစ်စေဖို့အတွက် ဂရုပြုပြီးစာရင်းပြုစုရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ အချိန်ကာလအနေအထားကတော့ အောက်ခြေမှာ ထိခိုက်ပျက်စီးမှု၊ ရေလွှမ်းမိုးမှုကြောင့်ဖြစ်စေ ထိခိုက်ပျက်စီးသွားတဲ့ဧရိယာကို ကွင်းဆင်းဆောင်ရွက်နိုင်တဲ့ အချိန်ကာလတိုတောင်းလျှင် စိစစ်မှုက မြန်ဆန်မှာဖြစ်ပြီးတော့ အပေါ်က ပံ့ပိုးပေးနိုင်မယ့် အခြေအနေဟာလည်းပဲ အချိန်မီ၊ အခါမီဆောင်ရွက်သွားနိုင်မည်ဖြစ်တဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အဆို တစ်ရပ်တင်သွင်းထားပါတယ်။ ဦးဝင်းဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရတဲ့ တောင်သူဦးကြီးတွေရဲ့ဘဝ တိုးတက်မြင့်မားပြီး တိုင်းပြည်အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး၊ ပြည်တွင်းပြည်ပဈေးကွက်များရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသောသီးနှံများ စာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေး ပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင်စိုက်ပျိုးရေးထွက်ကုန်သီးနှံများထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်နေပြည်သူများပဲ ဖြစ်ပါတယ်။ အဲဒီကျေးလက်နေ ပြည်သူတွေရဲ့အများစုဟာလည်း စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရပါတယ်။ တိုင်းပြည်အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရတဲ့ တောင်သူဦးကြီးတွေရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် နည်းမျိုးစုံနဲ့ကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ တောင်သူတွေရဲ့ဘဝ တိုးတက်မြင့်မားလာရေးအတွက် လိုအပ်ချက်တွေ များစွာ ရှိတဲ့အထဲက အစိုးရသစ်လက်ထက်မှာဆိုရင် စိုက်ပျိုးစရိတ်ချေးငွေတွေ တိုးမြှင့်ထုတ်ချေးပေးတယ်။ မြေယာပြုပြင်တာတွေကိုလည်း တတ်နိုင်သရွေ့ဆောင်ရွက်ပေးတယ်။ စက်ယန္တရားတွေဆိုလည်း နှစ်ရှည်အရစ်ကျ ထုတ်ငှားရောင်းပေးတယ်။ အဲဒီအပြင် ကျွန်တော်တို့မြို့နယ်မှာဆိုရင် မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးရေးကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက တတ်နိုင်သရွေ့ ကူညီဆောင်ရွက် ပေးနေတာတွေကိုလည်း တွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်းပဲ တောင်သူတွေရဲ့ဘဝတိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်ချက်တွေများစွာရှိတဲ့အထဲက အဓိကကျတဲ့အချက်တစ်ခုကတော့ စိုက်ပျိုးရေးထွက်ကုန်သီးနှံ များ ဈေးကောင်းရရှိရေးပဲဖြစ်ပါတယ်။ လက်တွေ့မှာတော့ တောင်သူတွေစိုက်ပျိုးချိန် မျိုးဝယ်တဲ့အခါ တွေမှာတော့ ဈေးကောင်းပေးဝယ်ကြရပြီး တောင်သူတွေသီးနှံပေါ်တဲ့အချိန်မှာတော့ ဈေးက အနည်းဆုံးအဆင့် ဖြစ်နေပါတယ်။ တောင်သူတွေလက်ထဲ သီးနှံကုန်ပြီလားဆိုရင် ဈေးကတက်လာ

တော့တာပဲ ဖြစ်ပါတယ်။ ဥပမာ- အခုအချိန်ဆိုရင် ကျွန်တော်တို့မြို့နယ်တွေမှာ နွေနှမ်း၊ မိုးကြိုနှမ်း စိုက်ပျိုးတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းကထွက်တဲ့ စမုံနက်နှမ်းကို GAP စနစ်နဲ့စိုက်ပျိုးပါက ထွက်သမျှ စမုံနက်နှမ်းတွေကို ဂျပန်က အကုန်ဝယ်မယ်လို့ တောင်သူတွေက ကြားသိနေတော့ တောင်သူတိုင်းလိုလို စမုံနက်နှမ်းကို စိုက်ပျိုးကြပါတယ်။ ဒီအချိန်မှာ နှမ်းမျိုးစေ့က ဘယ်လောက်လဲဆိုလို့ရှိရင် တစ်တင်းကို ၁၂၀၀၀၀ ကနေ အင်မတန်ကောင်းမွန်တဲ့ အထူးပြုလုပ်ထားတဲ့နှမ်းမျိုးဆိုရင် ၁၆၀၀၀၀ ထိပြေးဝယ်ပြီးတော့ စိုက်ပျိုးနေရကြောင်း ကိုယ်တိုင်ကြား သိတွေ့မြင်ခဲ့ရပါတယ်။ အဲဒီ အပေါ်မှာ ကျွန်တော်တို့ နှမ်းပေါ်တဲ့အချိန်ဆိုလို့ရှိရင် ဘယ်ဈေးရမလဲဆိုတာတော့ ကျွန်တော်တို့တောင်သူတွေ မမှန်းရဲကြပါဘူး။ လွန်ခဲ့တဲ့သုံးနှစ်ခန့်ကဆိုရင်လည်း ကျွန်တော်တို့ ဒေသက တောင်သူတွေဆိုလို့ရှိရင် ရတနာတိုး စပါးမျိုးဟာ ပြည်ပဈေးကွက်ရှိတယ်ဆိုပြီးတော့ စိုက်ပျိုးခဲ့ကြတာ စပါးပေါ်ချိန်မှာ စပါးဝယ်သူမရှိလို့ ဒုက္ခရောက်ခဲ့ကြရပါတယ်။ ကျန်းမာရေးဆန်လို့ခေါ်တဲ့ ဘာစမာတီဆန်ဆိုလို့ရှိရင် ကုန်တိုက်တွေမှာသွားကြည့်ရင် တစ်ပြည်ကို ၄၀၀၀ ကျော်၊ ၄၅၀၀ ဝန်းကျင်လောက် ရောင်းနေတာတွေ့ရပါတယ်။ အဲဒီလို အရည်အသွေးကောင်းတဲ့ဆန်မျိုးတွေကိုလည်း ကျွန်တော်တို့ဒေသတွေမှာ စိုက်မယ်ဆိုလို့ရှိရင် တစ်ဧကကို တင်း ၈၀ လောက်ရအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးနိုင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံစတာတွေလည်း ထိုနည်းၡင်းပါပဲ။ စိုက်ပျိုးဖို့ မျိုးဝယ်တဲ့အချိန်မှာ ဈေးကောင်းပေးရပြီးတော့ တောင်သူတွေပေါ်လို့ ရောင်းရမယ့်အချိန်တွေမှာတော့ ကုန်ကျစရိတ်နဲ့တွက်ခြေကိုက်တဲ့ သင့်တင့်မျှတတဲ့ဈေးနှုန်းမရကြလို့ တောင်သူတွေမှာ ဆင်းရဲတွင်းနက်ခဲ့ကြရပါတယ်။ တောင်သူတွေဟာ ဘယ်သီးနှံက ဈေးကောင်းရမလဲ။ ဘယ်သီးနှံက ဈေးကွက်ရှိသလဲ။ ဈေးကွက်ရှိပြီးတော့ ဈေးကောင်းရမယ့် သီးနှံတွေကို စိုက်ပျိုးချင်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်တွင်းပြည်ပဈေးကွက်တွေရရှိဖို့အတွက် ကူညီရှာဖွေပေးဖို့လည်း လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃(ခ)မှာဆိုရင်လည်း နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများကို သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟုလည်း ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံရဲ့အဓိက စိုက်ပျိုးရေးထွက်ကုန်ဖြစ်တဲ့စပါးဈေးကို အနည်းဆုံး တစ်တင်း ၅၀၀၀ ကျပ်နှုန်းနဲ့ အစိုးရသစ်လက်ထက်မှာ တောင်သူများအကျိုးကို ရှေးရှု၍ ကုန်ကျစရိတ်နဲ့တွက်ခြေကိုက်တဲ့အရင်းမရှုံးရန်

အနီးစပ်ဆုံးဈေးနဲ့သတ်မှတ်နိုင်ခဲ့ပါတယ်။ အဲဒီအပြင် လယ်၊ ယာ၊ ကိုင်း စတဲ့မည်သည့်မြေအမျိုးအစား မှာမဆို စိုက်ပျိုးရေးလုပ်ကိုင်တဲ့တောင်သူများအတွက် အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။ ရေမြေ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း အစိုးရက ကူညီပံ့ပိုးဆောင်ရွက်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ လက်တွေ့တွင် တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ ရောင်းချရာတွင် ကုန်ကျစရိတ်များ တွက်ခြေကိုက်သည့် သင့်တင့်မျှတသောတန်ဖိုးများရှိသဖြင့် အဆင်မပြေမှုများနဲ့ကြုံတွေ့နေရဆဲဖြစ်ပြီး အကြွေးသံသရာထဲ တစ်ဝဲလည်လည်ဖြစ်နေကြရပါတယ်။ စိုက်ပျိုးရေးထွက်ကုန်သီးနှံများအား သင့်တင့်မျှတသောဈေးနှုန်းရရှိရေး၊ ပြည်တွင်းပြည်ပဈေးကွက်များရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိတဲ့သီးနှံများစာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေးပါက ဈေးကွက်ခိုင်မာမှုရှိတဲ့သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တောင်သူဦးကြီးများအကျိုး ပိုမိုရရှိမှာဖြစ်သလို တိုင်းပြည်လည်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆွေးနွေးနိုင်ရေး ခွင့်ပြုပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပြီး မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းသွားသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်ဟာ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေတောင်သူဦးကြီးတို့ရဲ့ဘဝ အဆင်ပြေချောမွေ့စေရန် စေတနာရှေ့ထားပြီး အဆိုကို တင်သွင်းသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေး

ကိုအခြေခံသောနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးနိုင်တဲ့မြေဧရိယာ ဟက်တာ သန်းပေါင်း ၁၂.၂၅ ရှိပြီး စိုက်ပျိုးနိုင်တဲ့ပမာဏ ကမ္ဘာပေါ်တွင်အကြီးဆုံး ၂၅ နိုင်ငံမြောက် ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ GDB ၏ ၂၄ ရာခိုင်နှုန်းခန့်နှင့် ပြည်ပပို့ကုန် ၃၈ ရာခိုင်နှုန်းခန့် ရရှိပါတယ်။ အဆိုရှင်တင်ပြသွားသလို တောင်သူတွေရဲ့ဘဝ တိုးတက်မြင့်မားလာစေရန် လက်ရှိ အစိုးရသစ်လက်ထက်မှာ ဘက်ပေါင်းစုံမှ နည်းမျိုးစုံနဲ့ ပံ့ပိုးကူညီတာတွေရှိပါတယ်။ သို့သော်လည်း စိုက်ပျိုးစရိတ်ချေးငွေတွေ ဘယ်လောက်ပဲတိုးချေးပါစေ မျိုးကောင်းမျိုးသန့်တွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးပါသော်လည်း တောင်သူတွေထွက်ရှိတဲ့သီးနှံဈေးနှုန်းတွေ မကောင်းမွန်ပါက၊ အာမခံချက်မရှိပါက အချည်းအနှီးသာဖြစ်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူတွေအတွက် ကောင်းမွန်သောဈေးနှုန်းတွေ ရရှိဖို့ဆိုရင် ခိုင်မာတဲ့ဈေးကွက်တွေချဲ့ထွင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှပို့ကုန်တင်သွင်းတဲ့ အဓိကနိုင်ငံတွေကတော့ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့ဖြစ်ပါတယ်။ အထူးသဖြင့် ဆန်၊ ပြောင်းနှင့်နှမ်းတွေကို တရုတ်ပြည်သို့ နယ်စပ်ကဖြတ်ကျော်တင်ပို့နေရတာတွေကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ အစဉ်အလာအားထားရတဲ့ လယ်ယာထွက်ပို့ကုန်တွေဟာ အခုတော့ တရုတ်ပြည် ဈေးကွက်တစ်ခုတည်းကိုသာ မှီခိုအားထားရမယ်ဆိုရင် အင်မတန်မှအန္တရာယ် ကြီးမားပါတယ်။ ဥပမာ -ဆန်စပါး၊ ပြောင်း၊ သကြား၊ ဖရဲစတဲ့ ကုန်စည်တွေကို တရုတ်ပြည်ကိုတင်ပို့တဲ့အခါ မြန်မာနိုင်ငံဘက်ကတော့ တရားဝင်ဖြစ်ပေမဲ့ တရုတ်ပြည်ဘက်ကတော့ တရားဝင်မဟုတ်ပါဘူး။ မကြာခဏ ဖမ်းဆီးမှုတွေဖြစ်ပေါ်ပါတယ်။ အဲဒီလိုဖမ်းဆီးမှုတွေ ဖြစ်ပေါ်တဲ့အခါ ကုန်ဈေးနှုန်းတွေကျဆင်းသွားတတ်ပါတယ်။ ဖရဲစိုက်တောင်သူတွေဟာ ဖရဲခင်းမှကားစီးပြတ်ငှား တရုတ်ပြည်နယ်စပ်ကို ပို့ကြပါတယ်။ ဖမ်းဆီးမှုတွေအကြောင်းပြ၊ ဈေးနှိမ်ဝယ်ကြလို့ စိုက်သည့်ရင်းနှီးမပြောနဲ့ ကားငှားခတောင် မရတဲ့အခါတွေရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ နယ်စပ်ကုန်သွယ်မှုအပေါ် မီခိုအားထားနေရမှုကို လျှော့ချဖို့နှင့် ပုံမှန်ကုန်သွယ်ရေးကို မြှင့်တင်ဖို့လိုအပ်နေပါပြီ။ ဒါတွေမကသေးပါဘူး မြန်မာနိုင်ငံမှာ ထွက်ရှိတဲ့ ပဲတွေဟာ အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကိုသာ အားကိုးနေရတဲ့အတွက် အိန္ဒိယမှအဝယ်ရပ်လျှင် ဈေးနှုန်းထိုးကျသွားတာတွေ တွေ့ရပါတယ်။ အဆိုရှင်တင်ပြသွားသလို တောင်သူတွေသီးနှံပေါ်ချိန်မှာ ဈေးကအနည်းဆုံး အနိမ့်ဆုံးဖြစ်ပြီး တောင်သူတွေလက်ထဲသီးနှံ ကုန်ပြီလားဆိုရင် ဈေးကတက်တော့တာဆိုတာဟာ နိယာမတစ်ခုလိုဖြစ်နေပါတယ်။ ယခုလက်ရှိ

ကြက်သွန်စိုက်တောင်သူတွေ ကြက်သွန်ဖော်ချိန်မှာ ဈေးနှုန်းမကောင်းလို့ကုန်ကျစရိတ်နဲ့ တွက်ခြေမကိုက်လို့ အရှုံးပေါ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို ပြည်တွင်းပြည်ပဈေးကွက်များ ရှာဖွေပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ကြိုတင်ပြီးပွင့်လင်းမြင်သာစွာချပြဖို့ အရေးကြီးပါတယ်။ ဒါမှသာ တောင်သူလယ်သမားအနေနဲ့ လာမည့်နှစ်မည်သည့်သီးနှံဈေးကွက်ရှိတယ်။ ဘယ်နိုင်ငံနှင့်စာချုပ်ချုပ်ထားတယ်။ ဘယ်အချိန်မှာ ပမာဏဘယ်လောက်တင်ပို့ရမည်။ ဈေးနှုန်းကတော့ ဘယ်လောက်သတ်မှတ်ထားသလဲစသည်ဖြင့် သိရှိရမှာဖြစ်ပါတယ်။ ဒါဆိုရင် စိုက်ပျိုးရေးလုပ်ကိုင်နေကြသော တောင်သူများအတွက် အရည်အသွေးပြည့်ဝတဲ့ ဈေးကွက်ဝင်စိုက်ပျိုးရေးသီးနှံထွက်ကုန်များကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါမှသာ အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်လို့ ရသွားမှာဖြစ်ပါတယ်။ တိုင်းပြည်စီးပွားအမြန်ဆုံးဖွံ့ဖြိုးဖို့ဆိုရင် လက်ရှိပြည်ပပို့ကုန်အခြေအနေဟာ ယခင်ထက်စာရင် သိသိသာသာတိုးတက်လာခဲ့သည်ဆိုနိုင်သော်လည်း ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် များစွာလိုအပ်နေပါတယ်။ မြန်မာ့ပို့ကုန်တိုးမြှင့်ရန်အတွက် တာဝန်ရှိအစိုးရဝန်ကြီးဌာနကလည်း လိုအပ်တဲ့မူဝါဒ၊ ရည်မှန်းချက်နှင့် အစီအမံများ ချမှတ်ထားဖို့လိုအပ်သလို တိုင်းပြည်ပို့ကုန်နှင့် ထုတ်ကုန်စုစုပေါင်း GDB အချိုးအစားနိမ့်ကျနေတာကို သတိပြုဖို့လိုအပ်ပါတယ်။ ပို့ကုန်တိုးမြှင့်အောင်လယ်ယာကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဟာ ပြည်တွင်းလုပ်ဆောင်မှုများသာမက ပြည်ပကုန်သွယ်မှုကောင်းမွန်မှသာ နိုင်ငံတစ်နိုင်ငံရဲ့အကျိုးစီးပွားလျင်မြန်စွာတိုးတက်လာမှာဖြစ်ပါတယ်။ သို့မှသာ စိုက်ပျိုးရေးကို အဓိကအားထားနေသော တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်တွက်ခြေကိုက်သည့် သင့်တင့်မျှတသောသီးနှံဈေးနှုန်းများ ရရှိပြီး တိုင်းပြည်စီးပွားအမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသဖြင့် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့် ဝိုင်းဝန်းဆွေးနွေးနိုင်ပါရန် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)

နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဝင်းဝင်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသော စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်း/ပြည်ပဈေးကွက်များ ရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများ စာရင်းကို ပြည်သူများသိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာချပြအသိပေး ပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးအစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

### ဦးဝင်းဝင်း၊ မင်းဘူးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၀-၄-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထား

သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို ၁၃-၃-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂-၅-၂၀၁၉ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၄-၃-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂-၅-၂၀၁၉ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၂း၁၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ (၂၉.၄.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



Dr Tun Naing



U Nay Myo Htet

pyithu.hluttaw.mm



Dr Tun Naing



U Thaung Aye

pyithu.hluttaw.mm



Dr Tun Naing



Daw Nan Kham Aye

pyithu.hluttaw.mm



U Hla Kyaw



Daw Thandar

pyithu.hluttaw.mm



U Hla Kyaw



U Myint Oo

pyithu.hluttaw.mm



U Hla Kyaw



U Yan Linn

pyithu.hluttaw.mm



U Hla Kyaw



U Thein Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်